# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၂၁)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၂ ရက် ၊ ၂၀-၃-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမြတ်မုနိဘုရားကြီး အရှေ့ဘက်တန်ဆောင်း ပြိုကျပျက်စီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးဒဏ်သင့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မတ် ၂၉

မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်အစောပိုင်းတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများပြားခဲ့ရသည့် မန္တလေးတိုင်းဒေသကြီးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကို ရဟတ်ယာဉ်များဖြင့် ဦးစွာကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၄ သို့

## အင်အား ရစ်(ချ်)တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၂၉

ယနေ့မွန်းလွဲ ၃ နာရီ ၅၀ မိနစ် ၅၀ စက္ကန့်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဇလောမြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၅၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ ဇလ

၂၀၂၅ ခုနှစ် ၊ မတ် ၃၀ ရက်၊ တနင်္ဂနွေနေ့။

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိ

ပညာရရှိရန်အတွက် စာအုပ်၊ စာပေများကို အစဉ်တစိုက် လေ့လာဖတ်ရှုရမည်ဖြစ်သည်။ ထိုသို့ လေ့လာဖတ်ရှုနိုင်ရန် စာဖတ်သူအနေဖြင့် ဝယ်ယူ၍လည်းကောင်း၊ ငှားရမ်း၍လည်းကောင်း ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာထဲတွင် အလွယ်တကူ ဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင် ဖြစ်သည်။ ထို့အပြင် "ပညာဘဏ်တိုက် စာကြည့်တိုက်"ဟူ၍ အဆိုရှိပြီး စာကြည့်တိုက်သည်လည်း ပညာလိုလားသူတို့ ကွန်းခိုရာ နေရာတစ်ခုလည်း ဖြစ်သည်။ တက္ကသိုလ်များသည်လည်း စာကြည့်တိုက်များဖြင့် ဂုဏ်တင့်ဝင့်ထည်လျက်ရှိသည်။ တက္ကသိုလ်များ၏ အသည်းနှလုံးသည် စာကြည့်တိုက်ဖြစ်သည်ဟူသော အဆိုရှိသည်။

ပညာရည် ပြည့်ဝသော လူမျိုး နိုင်ငံဖြစ်စေရန်အတွက် စာပေ၏ တန်ဖိုးကို သိရှိနားလည်စေရန် ပညာအလင်းရောင် စာကြည့်တိုက်များကို နိုင်ငံတော်က ကျေးလက် တောရွာအနှံ့ တည်ဆောက်ပေးလျက်ရှိသည်။ ထို့ကြောင့် စာကြည့်တိုက်များသည် မရှိမဖြစ် ဘဏ်တိုက်များအဖြစ် အရေးပါလှသည်။ စာကြည့်တိုက်များမှ စာအုပ်များကို ဖတ်ရှုရာတွင် အချို့စာအုပ်များမှာ အပျော်ဖတ်သက်သက်ဖြစ်၍ စိတ်ထဲ၌ စွဲမှတ်မထားသင့်ပါ။ အချို့စာအုပ်များကိုမူ မိမိ၏ဘဝ အသိအမြင်ကို ပြောင်းလဲစေသည့်အတွက် တန်ဖိုးထား မှတ်သားရမည်ဖြစ်သည်။

လူတိုင်း လူတိုင်း စာဖတ်ခြင်းကြောင့် အသိအလိမ္မာ တိုးပွားစေပြီး အမှား၊ အမှန်ကို ခွဲခြားသိမြင် နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကျေးလက်နေ ပြည်သူ ၇၀ရာခိုင်နှုန်း ရှိသည့်အတွက် ကျေးလက်ဒေသနေ ပြည်သူများ စာအုပ်၊ စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းမီ ထားရှိပေးရန်အတွက် စာကြည့်တိုက်များကို အားပေးမြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးရန်နှင့် စာတတ်ရုံ အတတ်ပညာ ပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာစေရေး မိဘများ၊ ဆရာ၊ ဆရာမများက ကြိုးစားဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ တစ်ကမ္ဘာလုံးက ပညာအခြေခံ လူ့အဖွဲ့အစည်း တည်ဆောက်ရေးကို ယဉ်ကျေးမှု တစ်ရပ်သဖွယ် လက်ခံကျင့်သုံးလျက် ရှိကြသည်။ ပညာသည်သာ အနာဂတ်ကို ယှဉ်ဆိုင်နိုင်ဖွယ်ရာ တစ်ခုတည်းသော အရာဟူ သဘောထားနေကြသည်။ ပညာရှာ၊ ပညာဖြည့် ပညာဖြန့် ယဉ်ကျေးမှုကို နက်နက်နဲနဲ သုံးစွဲနေကြပြီ ဖြစ်သည်။ ထိုကဲ့သို့ ပညာခေတ်တွင် စာအုပ်များစွာ စုဝေးလျက်ရှိသော စာကြည့်တိုက်များသည် ပျော်မွေ့စရာ နေရာကောင်းတစ်ခုလည်း ဖြစ်လာသည်။

သို့ဖြစ်ရာ လူငယ် လူရွယ်များအနေဖြင့် စိတ်ဓာတ်များ ရင့်ကျက်ပြီး ပညာဗဟုသုတ ရရှိစေမည့် စာကြည့်တိုက်များတွင် မွေ့လျော်သင့်ရာ ရပ်ကွက် ကျေးရွာအုပ်စုအလိုက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## စာရင်းကိုင်(၄) ဝန်ထမ်းများ အရည်အသွေးမြှင့် မွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၂၅) ဖွင့်လှစ်သင်ကြား

**ပြင်ဦးလွင် မတ် ၂၉**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပြင်ဦးလွင်ခရိုင် လျှပ်စစ်မန်နေဂျာရုံးတွင် စာရင်းကိုင်(၄) အရည်အသွေးမြှင့် မွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၂၅) သင်တန်းကို မတ် ၂၀ ရက်၌ ခရိုင်လျှပ်စစ်မန်နေဂျာရုံးတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင်-၂ ဦးထွန်းထွန်းဆွေက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် သင်ခန်းစာများ သင်ကြားရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အထွေထွေမန်နေဂျာ(ဘဏ္ဍာ)နှင့် တာဝန်ရှိသူများက ငွေစာရင်းထိန်းသိမ်းခြင်း၊ လချုပ်၊ နှစ်ချုပ်ရေးဆွဲခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ သင်ကြားပို့ချမှု ဆန်းစစ်ခြင်းဆိုင်ရာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ (ဓာပုံ)

အဆိုပါ သင်တန်းသို့ ပြင်ဦးလွင်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ ဘဏ္ဍာရေး စာရင်းကိုင်(၄) ဝန်ထမ်း(၃၀)ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို မတ်လ ၁၇ ရက်မှ ၂၈ ရက်အထိ နှစ်ပတ်ကြာ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

(၃၆၆)

၀-၀-၀-၀-၀

## ဆည်ရေများဖြင့် နွေစပါး ၁၀၁၇၉ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း မတ် ၂၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေဆည်၊ မုန်ဆည်နှင့် ကင်းသာဆည်များမှ ယခုနှစ်နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရန် ၁၀၁၇၉ ဧက အတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီတွင် ဆင်သေဆည်၊ မုန်ဆည်နှင့် ကင်းသာဆည် ရေသောက်စနစ်အတွင်းမှ နွေစပါးစိုက်ပျိုးရန် ၈၁၂၀ ဧကနှင့် အခြားသီးနှံစိုက်ပျိုးရန် ၂၀၅၉ ဧက စုစုပေါင်း ၁၀၁၇၉ ဧက အတွက် ရေအလေအလွင့်မရှိစေဘဲ မျှတစွာ ရေလှည့်စနစ်များဖြင့် ပေးဝေလျက်ရှိကြောင်း သိရပြီး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဒေသအတွင်းစားရေရိက္ခာ ဖူလုံရေး၊ နွေစပါးစိုက်ဧကများ လျာထားဧကထက်တိုးလာရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်များသုံးစွဲရေး၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရေးတို့ကို အလေးထားရန် ဆွေးနွေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



တပ်ကုန်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီတွင် သမားရိုးကျစနစ်စိုက် ခြောက် ဧက၊ မျိုးစေ့ချ ကိရိယာ(Seeder)စိုက် ၈၄ ဧက၊ ကောက်စိုက်စက်စိုက် ငါး ဧက၊ တိုက်ရိုက်အစေ့ချစိုက် ၁၆၃၇ ဧက၊ စုစုပေါင်း ၁၇၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းမကြီးဝါသီးနှံမျိုးသန့်ခြံတွင် ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဝါသီးနှံအလိုက် အဆင့်ခွဲခြားသတ်မှတ်ဝယ်ယူနိုင်ရေး အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

**ပျော်ဘွယ် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်တွင် အဓိကသီးနှံဖြစ်သည့် ဝါသီးနှံကို စိုက်ပျိုးလျက်ရှိရာ ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ထွက်ရှိလာသည့် ဝါသီးနှံများအပေါ် အဆင့်ခွဲခြား သတ်မှတ်ဝယ်ယူနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ချောင်းမကြီး ဝါသီးနှံမျိုးသန့်ခြံတွင် ကျင်းပခဲ့သည်။

ရွှေဦးစွာ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များသုံးစွဲနိုင်ရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး၊ ဝါသီးနှံစိုက်ပျိုးရာတွင် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းဆွေးနွေးပြီး ဝါသီးနှံမျိုးသန့်ခြံတာဝန်ခံ ဦးထိန်လင်းက ပန်းတိုင်အထွက်နှုန်းရရှိရေး၊ အဆင့်ခွဲခြားသတ်မှတ်ဝယ်ယူနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် ဝါသီးနှံ စိုက်ပျိုးသည့်တောင်သူများက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဝါသီးနှံ အဆင့်ခွဲခြားသတ်မှတ်ရမည့် အခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ရမည်းသင်းခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေနှင့် ဝန်ထမ်းများ၊ ပျော်ဘွယ်မြို့နယ်ဦးစီးမှူး ဦးမျိုးညိမ်းဇော်နှင့် တာဝန်ရှိသူများ၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (အောက်ဓာပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာနိုင်ငံတွင် ပြင်းထန်စွာလျှင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီနှင့် ဖုန်းဖြင့်ဆက်သွယ်ပြောကြား





နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် မန္တလေးမြို့၏အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာကို ဗဟိုပြုပြီး ပြင်းထန်စွာ လျှင်လှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံအတွင်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုများနှင့်ပတ်သက်၍ အကူအညီများပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီနှင့် ဖုန်းဖြင့်ဆက်သွယ်ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ဦးစွာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က မိမိတို့အိန္ဒိယတစ်နိုင်ငံလုံး အနေဖြင့် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သော ကြောက်မက်ဖွယ် ဆိုးရွားသည့် လျှင်လှုပ်ခတ်ခဲ့မှု သတင်းကို ကြားသိခဲ့ရသည့်အတွက် အိန္ဒိယနိုင်ငံသားများအားလုံး အနေဖြင့် မြန်မာနိုင်ငံ၏ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် များစွာ ကြေကွဲဝမ်းနည်း ရပါကြောင်း ပြောကြားသည်။

## များစွာကျေးဇူးတင် ဝမ်းမြောက်မိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့နိုင်ငံနှင့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း ပြောကြားပေးသည့် အတွက် များစွာကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ အိန္ဒိယနိုင်ငံ ပြည်သူများ၏ စာနာထောက်ထားမှုများအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က လက်ရှိအခြေအနေများနှင့် ပတ်သက်၍ မေးမြန်းရာ နိုင်ငံတော်ဝန်ကြီးချုပ်က "ကျွန်တော်တို့အခုတော့ထပ်မံလှုပ်ရှားမှုတော့ မရှိတော့ပါဘူး။ သို့သော်လည်းပဲ Follow up လှုပ်တဲ့လျှင်ငယ်လေးတွေတော့ လှုပ်ပါတယ်။ ကျွန်တော်အခု လျှင်အဓိကဗဟိုချက်လှုပ်ခဲ့တဲ့ မန္တလေးမြို့ကို ရောက်နေပါတယ်။ လက်ရှိသေဆုံးသူ ၁၀၀၂ ဦး ရှိပါတယ်။ ဒဏ်ရာရတဲ့သူ ၂၄၀၀ လောက် ရှိပါတယ်။ ပျောက်နေတဲ့သူတွေတော့ ရှိနေပါသေးတယ်။ တိုက်တွေကြားထဲမှာ ပိနေတဲ့သူတွေ၊ ပျောက်နေတဲ့သူတွေတော့ ကျန်ပါသေးတယ်။ ဒါတွေလည်း ကျွန်တော်တို့ ဆယ်တင်ရေး လုပ်ငန်းတွေ လုပ်နေပါသေးတယ်။ ဒီထက်ပိုနိုင်ဖို့အလားအလာတော့ များပါတယ်။ အဖြစ်အများဆုံးကတော့ လက်ရှိကျွန်တော်ရောက်နေတဲ့ နေရာက အများဆုံးဖြစ်ပါတယ်။ အဆွေတော်ရဲ့ အခုလိုအားပေးစကားပြောတာရယ်၊ သတင်းဌာနတွေမှာလည်း အဆွေတော်တို့ဘက်ကနေပြီးတော့ ကယ်ဆယ်ရေးပစ္စည်းတွေနဲ့ လူတွေလွှတ်ပြီဆိုတာကိုလည်းသိရတဲ့အတွက် ကျွန်တော်အားရှိပါတယ်။ ကျွန်တော်တို့ ပြန်လည်ကယ်ဆယ်ရေး လုပ်ငန်းပဲ အဓိကထားပြီးလုပ်နေပါတယ်။ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်တာတွေကို ကျွန်တော်တို့ လုပ်နေပါပြီ။ ရန်ကုန်-နေပြည်တော်နဲ့ မန္တလေးတို့အား ဆက်သွယ်ရေးလမ်းကြောင်းပြန်လည်ပြုပြင်ရေး လုပ်ငန်းများကိုလုပ်နေပါပြီ"

ယင်းနောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က "ယခုကဲ့သို့ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့အနေဖြင့် လက်ရှိကာလတွင် ခက်ခက်ခဲခဲရင်ဆိုင်ကျော်ဖြတ်နေရသည်ကို နားလည်သဘောပေါက်ပါကြောင်း၊ မိမိတို့အိန္ဒိယနိုင်ငံတွင်လည်း ၂၀၀၁ ခုနှစ်က အလားတူပြင်းထန်သည့် လျှင်လှုပ်ခတ်ခဲ့ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှု များစွာကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် လက်ရှိကာလတွင် လူ့အသက်များနှင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးခဲ့ရသည့် မြန်မာနိုင်ငံသားများ အနေဖြင့် တကယ့်ကို ခက်ခဲသည့်အခြေအနေကို ကျော်ဖြတ်နေရသည်ကို မိမိအနေဖြင့် အပြည့်အဝနားလည်ပြီး မိမိတို့အနေဖြင့် မြန်မာနိုင်ငံသားများနှင့်အတူတကွ စာနာထောက်ထားမှု အတူရှိနေပြီး အဆွေတော်တို့နှင့်အတူ အခိုင်အမာ ရပ်တည်လျက်ရှိပါကြောင်း" ပြောကြားသည်။

ထို့နောက် ဆက်လက်ပြောကြားရာ၌ ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်ထားသည့် လေယာဉ်သည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး လာမည့်ရက်များမှာလည်း မြန်မာနိုင်ငံဘက်မှလိုအပ်သည့် ကူညီမှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကူညီကယ်ဆယ်မှုများကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတွင် အသင့်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအကူအညီပေးရေး အဖွဲ့များကိုလည်း မြန်မာနိုင်ငံသို့ဆောလျင်စွာ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှ လိုအပ်ချက်များကို မိမိတို့ထံ အသိပေးအကြောင်းကြား၍ အိန္ဒိယနိုင်ငံအနေဖြင့် ဖြစ်နိုင်သမျှအကူအညီများအားလုံးကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ အခက်အခဲများကို ဖြတ်ကျော်နေချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အတူတကွရှိနေသည်ကို ထပ်မံပြောကြားလိုကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် ညီရင်းအစ်ကိုနိုင်ငံများဖြစ်သဖြင့် မြန်မာနိုင်ငံ၏လိုအပ်ချက်များကို မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆွေတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မကြာမီအချိန်ကာလအတွင်း တွေ့ဆုံဆွေးနွေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

## ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ ကူညီ ဆောင်ရွက်ပေးမှုများနှင့် အားပေးမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မကြာမီကာလအတွင်း အဆွေတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဆွေးနွေးရန်ကိစ္စရပ်များကို ဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကဲ့သို့ အားပေးကူညီမှုများအတွက် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတက္ကသိုလ်ပင်မဆောင် ပြိုကျပျက်စီးနေမှုနှင့် မီးလောင်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

✪ ရှေ့ဖုံးမှ

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ၊ ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အမြန်ဆုံး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာ ရရှိသူများကို နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများ၌ အမြန်ဆုံးပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို စစ်ဘက်၊ အရပ်ဘက်မှ ဆေးမှူးပါရဂူများဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သေဆုံးခဲ့ရသူများကိုလည်း ကောင်းမွန်စွာဖြင့် သင်္ဂြိုဟ်ခြင်းများ ဝိုင်းဝန်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကြောင့် နေထိုင်ရန်အခက်အခဲရှိသူများကိုလည်း ကိုဗစ် -၁၉ ဖြစ်ပေါ်စဉ်ကကဲ့သို့ နေထိုင်ရန် နေရာများကို တာဝန်ရှိသူများက သက်ဆိုင်ရာ နေရာများအလိုက် အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများကိုလည်း အမြန်ဆုံး စနစ်တကျ ရှင်းလင်းမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍ သက်တမ်းရင့် အဆောက်အအုံများအား အရည်အသွေးစစ်ဆေးခြင်း၊ အဆောက်အအုံသစ်များ ဆောက်လုပ်ရာတွင် သတ်မှတ်ခံနိုင်ရည် စံနှုန်းများနှင့်အညီ တည်ဆောက်စေရေးတို့ကို စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ငလျင်ဒဏ်သင့်ဒေသများ၌ ရေ၊ မီးနှင့် နေထိုင်ရန်နေရာများ အဆင်ပြေမှုရှိစေရေး၊ စားသောက်မှု အဆင်ပြေစေရေး အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးများ အလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး လေယာဉ်ကွင်းနှင့် လေယာဉ်ပြေးလမ်းများကို အမြန်ဆုံး ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချမ်းမြသာစည်မြို့နယ်ရှိ လေဆိပ်အဟောင်းနေရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးကုသမှုဆောင်ရွက်ပေးနိုင်ရေးအတွက် ယာယီဆေးရုံနှင့် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နန်းမြို့ရိုး တစ်လျှောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရမှု အခြေအနေများ၊ မန္တလေးမြို့အတွင်း အဆောက်အအုံနှင့် လမ်းများပျက်စီးခဲ့ရမှု၊ မန္တလေးတက္ကသိုလ် ပင်မဆောင် ပြိုကျပျက်စီးမှုနှင့် မီးလောင်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြိုကျပျက်စီးနေသည့် အဆောက်အအုံများ အတွင်း ပိတ်မိနေသူများအား အမြန်ဆုံး ရှာဖွေဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားရန်၊ ပြန်လည်ဆယ်တင်ရေး လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်သွားရန်၊ သင်ကြားရေး၊ ကျန်းမာရေး အဆောက်အအုံများအပြင် အဆောက်အအုံ သစ်များ ပြန်လည် တည်ဆောက်ရာ၌ မြန်မြန်ဆန်ဆန်နှင့် ခိုင်ခိုင်မာမာ ဖြစ်စေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချမ်းမြသာစည်မြို့နယ်ရှိလေဆိပ်အဟောင်းနေရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးကုသမှု ဆောင်ရွက်ပေးနိုင်ရေးအတွက် ယာယီဆေးရုံနှင့် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် နန်းမြို့ရိုးအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်

စာမျက်နှာ ၅ သို့ »»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နန်းမြို့ရိုးအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းအဆောက်အအုံများဖြစ်သော ပဟိုရ်စင်နှင့် ခွယ်တော်စင်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။





## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်း-မန္တလေး လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား (အင်းဝ) ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၄ မှ

ရှေးဟောင်း အဆောက်အအုံများဖြစ်သော ပဟိုရ်စင်နှင့် စွယ်တော်စင်တို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စည်ရှည်တံခါးအနီး မြို့ရိုးနှင့် နန်းမြို့ရိုး တစ်လျှောက် ထိခိုက်ပျက်စီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ဆေးဝါးကုသမှု ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အမြန်ဆုံးဆောင်ရွက်ပေးသွားနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့ပူးပေါင်း၍ လျင်လျင်မြန်မြန် ဆောင်ရွက်သွားရန်၊ ဆေးကုသမှုခံယူရာတွင် နေရာအခက်အခဲ ဖြစ်ပေါ်နေမှုအား တပ်မတော်ဆေးရုံများနှင့် ယာယီဆေးရုံများ၌ ရွှေ့ပြောင်းကုသမှုပေးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် ၇၃ x ၃၀ လမ်းထောင့်ရှိ ယာယီနေထိုင်ရေးစခန်းသို့ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံးများပေးအပ်ကာ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်မဟာမြတ်မုနိဘုရားကြီး အရှေ့ဘက်တန်ဆောင်း ပြိုကျပျက်စီးနေမှု အခြေအနေများနှင့် စစ်ကိုင်း-မန္တလေး လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်းဝ) ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေး-မြစ်ကြီးနား ဆက်သွယ်ထားသော ရထားလမ်းသည် ယခုရထားလမ်း တစ်ခုတည်းသာရှိသဖြင့် အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသမှု ဆောင်ရွက်ပေးနေမှုကို ကြည့်ရှု၍ အားပေးစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဩဝါဒါစရိယ အကျိုးတော်ဆောင် ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် ဘဒ္ဒန္တ ဝါသေဌာဘိဝံသ၏ မိန့်ကြားတော်မူများကို နာယူကာ ရေ၊ မီးကိစ္စများ အဆင်ပြေစေရေး၊ ပြိုကျပျက်စီးဆဲ အဆောက်အအုံများအား ဘေးပတ်ဝန်းကျင် ဘေးအန္တရာယ်မရှိစေရေးအတွက် အမြန်ဆုံးဖယ်ရှားရှင်းလင်းခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်းများ ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး တိုးချဲ့ဆောင်သို့ ရောက်ရှိကြပြီး လေးထပ်တိုးချဲ့ဆောင် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုနှင့် အပျက်အစီးများအကြား ပိတ်မိနေသည့် စာဖြေသံဃာတော်များအား ရှာဖွေကူညီရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့်

စာမျက်နှာ ၆ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချမ်းအေးသာစံမြို့နယ်ရှိ ယာယီနေထိုင်ရေးစခန်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံးများ ပေးအပ်စဉ်။

»»» စာမျက်နှာ ၅ မှ

ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ အများအပြား ဖြစ်ပေါ်ခဲ့မှု အခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် သေဆုံး၊ ဒဏ်ရာရနှင့် ပျောက်ဆုံးစာရင်းများကို တိကျစွာရရှိနိုင်ရေး ဆက်လက်စိစစ်ကောက်ယူသွားရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံ၊ ဆေးခန်းများ၊ ယာယီဆေးရုံများအားလုံး ဖြန့်ခွဲ၍ မြန်မြန်ဆန်ဆန် ဆေးဝါးကုသမှု ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ တပ်ဘက်၊ အရပ်ဘက် ဆေးရုံများအားလုံး၊ ကျန်းမာရေးဝန်ထမ်းများအားလုံးက တက်ညီလက်ညီဖြင့် ဖိဖိစီးစီး ဆောင်ရွက်ပေးသွားနိုင်ရန်လိုကြောင်း၊ ပြိုကျပျက်စီးသွားသော အဆောက်အအုံများနှင့် ပြိုကျပျက်စီးနေဆဲ အဆောက်အအုံများကို အမြန်ဆန်ဆုံး စနစ်တကျဖြင့် ဖယ်ရှားရှင်းလင်းနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ဘေးပတ်ဝန်းကျင်၌လည်း ဘေးအန္တရာယ်ကင်းရှင်းစေမည်ဖြစ်ကြောင်း၊ ယာယီနေထိုင်ရေးနေရာများ၌ နေထိုင်နေရသူများကိုလည်း စနစ်တကျရှိစေရေး ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့ရသည့် ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မိမိတို့အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပြီး ငွေကြေးအင်အား၊ လူအင်အား၊ ယာဉ်ယန္တရားအင်အား များစွာကို သုံးစွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သန့်ရှင်းရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း မြန်မြန်ဆန်ဆန်ဖြင့် ဆက်လက် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်ရာတွင်လည်း ငလျင်ဘေးဒဏ် သင့်ခဲ့ရသူများ အားလုံး၊ ရသင့်ရထိုက်သူများ အားလုံးရရှိစေရေး စနစ်တကျ စာရင်းပြုစု ဆောင်ရွက်သွားရန် မန္တလေးတက္ကသိုလ် ပင်မဆောင်ကြီးကို မူလလက်ရာမပျက် အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရန်လိုပြီး ခိုင်ခံ့မှုရှိရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှုရှိသည့် ဒီဇိုင်းဖြစ်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ငလျင် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအတွက် စားရေး၊ နေရေးနှင့် အခြားလူမှုကိစ္စရပ်များ အဆင်ပြေစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း။

ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင်အဆောက်အအုံများ ပြန်လည်တည်ဆောက်လိုကြောင်း၊ စာရင်းများမထပ်စေရေးနှင့် ကျန်နေခဲ့ရသူများ မရှိစေရေး မျှမျှတတဖြစ်စေရေး တာဝန်ရှိသူများ အားလုံးက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို များစွာ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဦးစားပေးအဆင့်အလိုက် အမြန်ဆုံး ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ ပြန်ကြားရေးနှင့် အသိပညာပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ လုပ်ငန်းရပ်များအလိုက် လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မန္တလေးမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးနေမှုအခြေအနေများနှင့် စစ်ကိုင်းတံတား (အင်းဝ) ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ငလျင်ဘေးဒဏ်ကြောင့် လေယာဉ်ပြေးလမ်း အနည်းငယ်ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပျက်စီးနေသည့် နေရာများအား အမြန်ဆုံးပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

လက်ရှိအချိန်အထိ နောက်ဆုံးကောက်ယူရရှိသော စာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငလျင်ဒဏ်သင့်ခဲ့ရသည့် ဒေသများအားလုံး၌ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူ စုစုပေါင်း ၁၆၄၄ ဦး၊ ဒဏ်ရာရရှိသူ စုစုပေါင်း ၃၄၀၈ ဦး၊ ပျောက်ဆုံးနေသူ ၁၃၉ ဦး ဖြစ်ကြောင်းနှင့် အသေးစိတ် စာရင်းများအား ဆက်လက် ကောက်ယူလျက်ရှိသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူလိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တို့သည်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး လေးထပ်တိုးချဲ့ဆောင်၌ ငလျင်ဒဏ်ကြောင့် အပျက်အစီးများကြား ပိတ်မိနေသည့် စာဖြေသံဃာတော်များအား ရှာဖွေကူညီရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်မြေသာစံမြို့နယ်ရှိ Sky Villa တွင် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။






အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ပုဂ္ဂလိကအထူးကုဆေးရုံ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **စာမျက်နှာ ၂၄ မှ**

ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ အထပ်မြင့်နေအိမ်များ၊ အိမ်ရာများနှင့် အောက်ခြေ (Foundation) မခိုင်သည့် အဆောက်အအုံများတွင် ပိုမိုပျက်စီးဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ပိုမိုဆိုးရွားစွာ တွေ့ရှိရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့်လည်း မတ် ၂၈ ရက် ဖြစ်စဉ်ဖြစ်ပြီးချင်းပင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ပျက်စီးမှုရှိသည့် ဝန်ထမ်းအိမ်ရာများ၊ အရပ်ဘက် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် မြို့တွင်း လမ်းတံတားများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန် မှာကြားခဲ့ကြောင်း၊ ယနေ့တွင်လည်း မန္တလေးတိုင်းဒေသကြီးသို့ လိုအပ်သည်များ မှာကြားနိုင်ရန်နှင့် ဘေးဒုက္ခခံစားနေရသည့် ပြည်သူများကို အားပေးစကား ပြောကြားနိုင်ရေး သွားရောက်လျက်ရှိပြီး ယခုအစည်းအဝေး ပြုလုပ်ချိန်အထိ သေဆုံးသူဦးရေမှာ ၁၁၀၁ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိမှု စုစုပေါင်းမှာ ၂၆၄၄ ဦးရှိပြီဖြစ်ကြောင်း၊ ထပ်မံ၍လည်း အရေအတွက်တိုးလာနိုင်ပါကြောင်း၊ ငလျင်နောက်ဆက်တွဲအနေဖြင့် စတင်ချိန်မှ ယခုအချိန်အထိ ၁၄ ကြိမ်ရှိပြီး ရစ်(ခ်)တာစကေး အနိမ့်ဆုံး ၂ ဒသမ ၈ မှ အမြင့်ဆုံး ၇ ဒသမ ၇ ဖြစ်ကြောင်း၊ မြေအောက် ၁၀ ကီလိုမီတာအနက်မှဖြစ်၍ ပိုမိုအင်အားပြင်းပြီး ပျက်စီးဆုံးရှုံးစေမှု ပိုမိုကြီးမားကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနအသီးသီးမှ စုပေါင်းအိမ်ရာများ၌ နေထိုင်ကြသည့် ဝန်ထမ်းများအနေဖြင့် ငလျင်ဒဏ်ကြောင့် ပြောင်းရွှေ့နေထိုင်နေကြရလျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများက မိမိတို့၏ဝန်ထမ်းများကို သွားရောက်အားပေးပြီး လိုအပ်သည်များ စစ်ဆေးပေးကြရန်နှင့် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးကြရန် လိုအပ်ကြောင်း၊ အထူးသဖြင့် အစားအစာနှင့် သန့်ရှင်းသောသုံးရေ၊ သောက်ရေများ ရရှိရေး ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ မိမိတို့ NDMC အနေဖြင့် နိုင်ငံတကာမှ အကူအညီများ စေလွှတ်ပေးပို့မှုအပေါ် လိုအပ်သည့် နေရာများသို့ အမြန်ဆုံးရောက်ရှိရန်နှင့် အမြန်ဆုံးဖြန့်ဝေပေးနိုင်ရန် လိုအပ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဒေသအသီးသီးရှိ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဝန်ကြီးဌာန အသီးသီးက တစ်ပိုင်တစ်နိုင် စာရင်းကောက်ယူ၍ ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ အများပြည်သူပိုင်လမ်း၊ တံတားများ ပျက်စီးမှုများ၊ မြေကျွံမှုများကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ရှိနေသည့်အတွက် ရေရှည်၊ ရေတိုစီမံချက်များ ချမှတ်၍ အမြန်ဆုံးပြုပြင်နိုင်ရန် လိုအပ်ကြောင်း၊ အရေးပေါ်လိုအပ်ချက်များ ဖြစ်သည့် ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လျှပ်စစ်မီးရရှိမှသာ ရေရရှိရေးကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှု အခြေအနေများ၊ ကယ်ဆယ်ရေး လေယာဉ်များနှင့် ပစ္စည်းများ ရောက်ရှိမှု အခြေအနေများ၊ ကယ်ဆယ်ရေး ယာဉ်များအတွက် ပို့ဆောင် ဆက်သွယ်ရေး လမ်းကြောင်း ဆောင်ရွက်ထားမှု အခြေအနေများ၊ ဆက်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ရရှိရေး အမြန်ဆုံးဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ငလျင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ အသက်သေဆုံးရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများ၊ ငလျင်ဘေးဒဏ် ခံစားရသည့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာနအသီးသီးအလိုက် စားသောက်၊ နေထိုင်မှုနှင့် လုံခြုံရေးအတွက် ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှု အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးချက်များအပေါ် ဝန်ထမ်းအိမ်ရာအလိုက် ယာယီမိုးကာတဲများဖြင့် အိမ်ရာနှင့်အနီးဆုံး ပန်းခြံ၊ အရိပ်ရကွက်လပ်ကျယ်၌ ထားရှိရေး၊ နေ့စဉ် သန့်ရှင်းသော သောက်ရေရရှိရေး၊ ရွှေ့လျားရေသန့်စက် မော်တော်ယာဉ် ငါးစီးခန့်ဖြင့် ရေသန့်ချက်ပြီး ရေကားအသီးသီးမှတစ်ဆင့် ဝန်ထမ်းယာယီနေရာများသို့ ပို့ဆောင်သုံးစွဲစေရေး၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာကိစ္စ ဖြေရှင်းနိုင်ရေး ယာယီရေကန်များ ပြုလုပ်လျက် သုံးရေရရှိရေး၊ ဝန်ထမ်းများ သက်သာချောင်ချိစွာ စားသောက်နိုင်ရေး ရွေ့လျားကုန်စိမ်း၊ ကုန်ခြောက် အရောင်း မော်တော်ယာဉ်များဖြင့် လုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးရန်၊ ဝန်ထမ်းများနှင့် မိခိုမိသားစုများ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေကြေးနှင့် စားသောက်နိုင်ရေး၊ NDMC မှလည်း အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ လူမှုဖူလုံရေး ရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရရှိရေး အပါအဝင် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး ကူညီဆောင်ရွက်ပံ့ပိုးပေးမည့် ကိစ္စရပ်များ၊

**စာမျက်နှာ ၈ သို့** ✻



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်သင့်ခဲ့သည့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုဆိုင်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။





အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်သင့်ခဲ့သည့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုဆိုင်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။

✻ စာမျက်နှာ ၇ မှ

ဝန်ထမ်းများအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာအကူအညီလာရောက်မှု အပေါ် အဆင်ပြေချောမွေ့စေရေး အဆိုပါအဖွဲ့အတွက် ဆက်ဆံရေးအရာရှိ၊ ကူညီကယ်ဆယ်ရေးအတွက် တွဲဖက်ပေးရမည့် ပြည်တွင်းမှ ဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေး အဖွဲ့များ ထားရှိရေးကိစ္စရပ်များ၊ တည်းခိုနေထိုင်ရေးကိစ္စရပ်များနှင့် လိုအပ်နယ်မြေအလိုက် ကူညီကယ်ဆယ်ရေး၊ ဆေးပစ္စည်း ကူညီပေးရေးခွဲဝေတာဝန်ပေးရန် ကိစ္စရပ်များအား NDMC အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။





အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့သို့လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်သင့်မှုကြောင့် ဆုံးရှုံးပျက်စီးမှုများပြားပြီး ယနေ့အထိ ကယ်ဆယ်ရေးဆောင်ရွက်နေရသည့် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိပုဂ္ဂလိကအထူးကုဆေးရုံ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအတွက် ယာယီကုသဆောင်များ ထားရှိရန် စီစဉ်နေမှု၊ ဆေးရုံတက်လူနာများအတွက် လိုအပ်သောသောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဆေးရုံကြီးရှိ ကုသဆောင်အလိုက် အဆောက်အအုံ ကြံ့ခိုင်မှုဆိုင်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် တပ်မတော်စစ်ဆေးရုံကြီးမှ ရွှေ့လျားခွဲစိတ်ကုသယာဉ်နှင့် ဓာတ်မှန်ယာဉ်များ ကူညီပို့ဆောင်ပေးရန် ကိစ္စအပါအဝင် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ချီးမြှင့်ငွေများပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခုတင်(၃၀၀)ဆံ့ သားဖွားမီးယပ်ဆေးရုံနှင့် နေပြည်တော် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များနှင့် အရပ်သားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုနှင့် ခွဲစိတ်ခန်းများနှင့် ဆေးရုံသုံးပစ္စည်းများ အသင့်ပြင်ဆင် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတက် လူနာများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၂၉

မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များသည်လည်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။



စင်ကာပူမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ နေပြည်တော်သို့ ရောက်ရှိစဉ်။

မီးသတ်ဦးစီးဌာနသည် မတ် ၂၈ ရက်က ငလျင်ဒဏ်ကြုံတွေ့ခဲ့ရသည့် မြို့များရှိ နေရာပေါင်း ၅၃ နေရာတွင် မီးသတ်တပ်ဖွဲ့ဝင် ၂၃၈ ဦးဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၁၄၄ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၈၇ ဦးကို အဆောက်အအုံများ အတွင်းမှ သယ်ထုတ်နိုင်ခဲ့ကြောင်း၊ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နေရာ ၁၃ နေရာ၌ မီးသတ်တပ်ဖွဲ့ဝင် အင်အား ၁၆၀ ဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ သေဆုံးသူ ခုနစ်ဦးကို သယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

### ကူညီပါဝင် လုပ်ဆောင်သွားမည်

ငလျင်ဒဏ်သင့်ခဲ့သော မြို့များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် Medical Team အဖွဲ့များသည် ယနေ့ရောက်ရှိပြီဖြစ်ပြီး စင်ကာပူနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့များသည်လည်း မတ် ၃၀ ရက်မှ စတင်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီပါဝင်လုပ်ဆောင်သွားမည်ကြောင်း သိရသည်။

ငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ Sky Villa အဆောက်အအုံပြိုကျ၍ ပိတ်မိနေသူများအား ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းတို့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ ၄၃ ဦးတို့အား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ကိုးဦးတို့၏ ရုပ်အလောင်းများအား ရှာဖွေထုတ်ယူခဲ့ကြောင်း သိရသည်။ ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - မီးသတ်ဦးစီးဌာန





# တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိ

ရန်ကုန် မတ် ၂၉

မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့် အကွာအဝေးကို ဗဟိုပြုပြီး အင်အား ၇ ဒသမ ၇ ရစ်(ချ်)တာစကေးအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငလျင်ဒဏ်သင့်သည့်နေရာဒေသများကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။

## ကြိုဆို

ငလျင်ဒဏ်သင့်ဒေသများ၌ ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်အစိုးရအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိပြီး ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေးအတွက် လမ်းဖွင့်ပေးထားပြီဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကယ်ဆယ်ရေးအဖွဲ့ဝင် ၃၇ ဦးနှင့် ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော လေယာဉ်သည် မတ် ၂၉ ရက် နံနက် ၇ နာရီ ၇ မိနစ်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တရုတ်သံရုံးမှ First Secretary ဖြစ်သူ Mr. Zhu Feng နှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယနေ့ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ထားရှိသည့် ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ဆက်လက်ထွက်ခွာသွားကြသည်။

ဆက်လက်၍ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသော လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

## လက်ခံရယူ

အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပေးပို့လိုက်သည့်ကူညီကယ်ဆယ်ရေးပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူသည်။

အိန္ဒိယနိုင်ငံအစိုးရက ပေးပို့လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများမှာ ခေါက်ဆွဲခြောက်၊ Solar မီးအိမ်၊ မီးဖိုချောင်သုံးပစ္စည်း၊ တစ်ကိုယ်ရေသုံးပစ္စည်း၊ မီးစက်၊ ဆေးရုံသုံးပစ္စည်း၊ တာပေါ်လင်၊ စောင်၊ ခြင်ထောင် ပလတ်စတစ်အိတ်မျိုးစုံတို့ဖြစ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## အထူးဝမ်းနည်းရပါကြောင်း

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်ခန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်(ချ်) တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သောမြေငလျင်တစ်ခု လှုပ်ရှားသွားပြီး နောက်ဆက်တွဲငလျင်ငယ် သုံးခုခန့် ဆက်တိုက်လှုပ်ရှားသွားခဲ့ပါသည်။ အဆိုပါ အင်အားပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် အခြားဒေသများတွင် ထိခိုက်သေဆုံး ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်များအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် များစွာစိတ်မကောင်းဝမ်းနည်းဖြစ်ရပါကြောင်းနှင့် ရှာဖွေကယ်ဆယ်ကူညီရေးလုပ်ငန်းများတွင် အားတက်သရော ဝိုင်းဝန်းကူညီနိုင်ကြပါစေရန် မေတ္တာရပ်ခံအပ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)

## မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အရေးပေါ်သွေးလှူဒါန်း

မင်းဘူး မတ် ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ငလျင်ဘေးကြောင့် အခြားမြို့နယ်များမှ ထိခိုက်ဒဏ်ရာရရှိသူများအတွက် အရေးပေါ် စုပေါင်းသွေးလှူဒါန်းခြင်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ သွေးအလှူရှင်ပြည်သူများက လာရောက်လှူဒါန်းသည်။



မတ် ၂၈ ရက်ကလှုပ်ခတ်ခဲ့သည့် အင်အားပြင်း မြေငလျင်ကြောင့် မြေပြိုခြင်း၊ အဆောက်အအုံပြိုကျခြင်းနှင့် လူနေအိမ် ထိခိုက်ပျက်စီးခြင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်ဆေးဝါးကုသရာတွင်လိုအပ်သော သွေးများကိုလှူဒါန်းပေးနိုင်ရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မင်းဘူးခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူများက မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် စေတနာအလျောက် သွေးများလာရောက်လှူဒါန်းလျက်ရှိကြသည်။

ထိုသို့လှူဒါန်းရာတွင် မတ် ၂၉ ရက် ညနေပိုင်းအထိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူစုစုပေါင်း ၇၀ က မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် သွေးအမျိုးအစားများအလိုက် လာရောက်လှူဒါန်းခဲ့ပြီး သွေးအလှူရှင်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း၊ အဆိုပါလှူဒါန်းရရှိခဲ့သောသွေးအလုံး ၇၀ ကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်များရှိဆေးရုံများသို့ အချိန်မီပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

## တောင်တွင်းကြီးမြို့နယ်၌ ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရသူများအတွက် သွေးလှူဒါန်း



တောင်တွင်းကြီး မတ် ၂၉

မတ် ၂၈ ရက်က အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် မြေပြိုခြင်း၊ အဆောက်အအုံပြိုကျခြင်း၊ နေအိမ်များ ထိခိုက်ပျက်စီးခြင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်ဆေးဝါးကုသရာတွင်လိုအပ်သော သွေးများကို လှူဒါန်းနိုင်ရန် တောင်တွင်းကြီးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ယနေ့နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းပွဲကျင်းပသည်။

### သွားရောက်ပေးပို့

ထိုသို့ လှူဒါန်းရာတွင် တောင်တွင်းကြီးမြို့ ဌာနဆိုင်ရာဝန်ထမ်း ၂၁ ဦး၊ တပ်မတော်သား ၂၈ ဦး၊ စေတနာရှင်ပြည်သူ ၁၀ ဦး စုစုပေါင်း ၅၉ ဦးတို့က လှူဒါန်းခဲ့ကြပြီး A+ သွေး ၂၄ လုံး၊ B+ သွေး ၁၆ လုံး၊ AB+ သွေးနှစ်လုံး၊ O သွေး ၁၆ လုံး၊ A- သွေး တစ်လုံး၊ စုစုပေါင်း ၅၉ လုံးတို့အား မကွေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်သို့ မွန်းလွဲ ၁ နာရီတွင် သွားရောက်ပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီး ကျော်သန်းဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များပံ့ပိုးကူညီပေးခဲ့ပြီး သွေးအလှူရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြက်ဥနှင့် Royal-D များ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းမြို့၌ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



မုံရွာ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ မတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိ မြေငလျင် လေးကြိမ်လှုပ်ခတ်ခဲ့မှုကြောင့် ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းတိုက်များ၊ သီလရှင်ကျောင်းတိုက်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြားဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်အဆောက်အအုံများနှင့် လမ်းတံတားများ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျမှုများ ဖြစ်ပွားသည်။

အဆိုပါဖြစ်စဉ်နေရာများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မတ် ၂၉ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီးရှိ အာရုံခံတန်ဆောင်းအတွင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြိုကျပျက်စီးနေမှုများနှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ အဆောက်အအုံများ ပြိုကျပျက်စီးနေမှုများ၊ လေးကျွန်းမြေအုန်ကျောင်းရှိ ဆွမ်းစားဆောင် သုံးထပ်အဆောက်အအုံ ပြိုကျပျက်စီးမှု၊ သကျဓိတာသီလရှင်စာသင်တိုက် ပြိုကျပျက်စီးနေမှုနှင့် အဆောက်အအုံအတွင်း ပိတ်မိနေသည့် သီလရှင်ဆရာလေးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့တော်ဗလီ၊ မြို့မဗလီ၊ ဂါတ်တန်းဗလီ အဆောက်အအုံများ ပြိုကျပျက်စီးနေမှုနှင့် ဗလီအဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ မြတ်ကိုယ်ပိုင်အထက်တန်းကျောင်း ပြိုကျပျက်စီးနေမှုနှင့် ကျောင်းဆောင် အဆောက်အအုံအတွင်း ပိတ်မိနေသည့်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး သုံးထပ်အဆောက်အအုံ ပြိုကျပျက်စီးနေမှုများ၊ ခရိုင်မီးသတ်တပ်ဖွဲ့ရုံး အဆောက်အအုံ ပြိုကျပျက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သေဆုံး၊ ပျောက်ဆုံးသူများ၏ မိသားစုဝင်များအား အားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် ရဟန်း၊ သံဃာ၊ သီလရှင်များနှင့် မြို့နေပြည်သူများ ဆေးကုသမှုခံယူနေမှုများကို သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



အိန္ဒိယနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ ရောက်ရှိစဉ်။



စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ ရောက်ရှိစဉ်။

# အိန္ဒိယ၊ စင်ကာပူနှင့် ရုရှားနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ရောက်ရှိ

နေပြည်တော် မတ် ၂၉

နိုင်ငံတော် အစိုးရအနေဖြင့် ငလျင်ဒဏ်သင့် ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့တွင် ငလျင်ဒဏ်သင့် ပြည်သူများအတွက် အိန္ဒိယ၊ စင်ကာပူနှင့်ရုရှားနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ ရောက်ရှိကြသည်။

ယနေ့တွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ အိန္ဒိယနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့်သူနာပြုဆေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေး ခွေးလေးကောင်၊ လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ၊ စင်ကာပူနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေး ခွေးလေးကောင်၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ၊ ရုရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့နှင့်အတူ ဆရာဝန်၊ သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိကြသည်။

ယနေ့ရောက်ရှိသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မကွေးပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးကြောင့်ထိခိုက်ဒဏ်ရာရသူများအတွက် အရေးပေါ်သွေးလှူဒါန်း



မကွေး မတ် ၂၉

မတ် ၂၈ ရက်က အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် မြေပြိုခြင်း၊ အဆောက်အအုံပြိုကျခြင်း၊ နေအိမ်များထိခိုက်ပျက်စီးခြင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်ဆေးဝါးကုသရာတွင် လိုအပ်သောသွေးများကို လှူဒါန်းနိုင်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မကွေးတပ်နယ်မှ တပ်မတော်သားများ၊ စေတနာရှင်ပြည်သူများက မကွေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ စေတနာအလျောက် လာရောက် သွေးလှူဒါန်းလျက်ရှိကြသည်။

ထိုသို့လှူဒါန်းရာတွင် မကွေးမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ မကွေးတပ်နယ်မှ တပ်မတော်သားများနှင့် စေတနာရှင် ပြည်သူများက မတ် ၂၈ ရက်တွင် ၃၇ ဦး၊ ၂၉ ရက်တွင် ၁၁၄ ဦး စုစုပေါင်း ၁၅၁ ဦးက မကွေးမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် လာရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့ မိမိတို့စေတနာအလျောက် လာရောက်လှူဒါန်းကြသည့် အလှူရှင် ၁၅၁ ဦး၏ သွေးများနှင့် မကွေးတိုင်းပြည်သူ့ဆေးရုံကြီးနှင့် သင်ကြားရေးဆေးရုံကြီး(မကွေး)တို့ရှိ သွေးလှူဘဏ်များတွင် စုဆောင်းထားရှိသော သွေးအိတ် ၆၇ အိတ်အား ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရပြီး အရေးပေါ်သွေးလိုအပ်နေသည့်ဒေသများသို့ ဆက်လက်ပေးပို့လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။ ခရိုင် (ပြန်/ဆက်)

# နိုင်ငံတကာ အားကစား သတင်းများ

## ဒီဘလင်း၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၁၀၀အထိ ဆောက်သမ်တန်အသင်းအလိုရှိ

**လန်ဒန် မတ် ၂၉**

ပရီးမီးယားလိဂ်ကလပ် ဆောက်သမ်တန်အသင်းသည် အင်္ဂလန်အသင်း တောင်ပံကစားသမား ဒီဘလင်း၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၁၀၀အထိအလိုရှိနေသည်။

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် စပါးအသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ဒီဘလင်းကိုယ်တိုင်ကလည်း အသင်းအနေဖြင့် လာမည့် ဘောလုံးရာသီတွင် ချန်ပီယံရှစ်သို့ တန်းဆင်းရမည်ဖြစ်သဖြင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ဆောက်သမ်တန်အသင်းကလည်း ဒီဘလင်းအသင်းအတွက် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့အနေဖြင့် ဆောက်သမ်တန်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဒီဘလင်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(NGB)

0-0-0-0-0-0



## အိုနာနာ မန်ချက်စတာယူနိုက်တက်အသင်းတွင် ဆက်ရှိသွားမည်

**မန်ချက်စတာ မတ် ၂၉**

မန်ချက်စတာယူနိုက်တက်အသင်း ဂိုးသမား အိုနာနာက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ ဂိုးသမားကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ဂိုးသမားအိုနာနာက "ကျွန်တော် အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ များစွာ ရယူသွားချင်ပါတယ်။ ဒီအသင်းကနေ ထွက်ခွာမယ်ဆိုတဲ့ သတင်းတွေကလည်း ကောလာဟလတွေပါ"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## အီဆက်စ် နယူးကာဆယ်အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုအား ပယ်ချခဲ့

**လန်ဒန် မတ် ၂၉**

နယူးကာဆယ်အသင်း ကြယ်ပွင့်တိုက်စစ်မှူး အီဆက်စ်သည် အသင်း၏ စာချုပ်သစ် ကမ်းလှမ်းလာမှုကို ပယ်ချခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ခေါ်ယူန် စိတ်ဝင်စားလျက်ရှိသည်။


အီဆက်စ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် နယူးကာဆယ်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်း၏ စာချုပ်သစ် ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း အသင်း၏ စာချုပ်ကမ်းလှမ်းမှုကို ပယ်ချခဲ့သည့် အီဆက်စ်အား မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့ အနေဖြင့် အီဆက်စ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)

(NGB)







## ပရီးမီးယားလိဂ် ရွှေလက်အိတ်ဆုအား ဂိုးသမား မက်ဇ်ဆဲလ်စ် ဆွတ်ခူးရန် ရေပန်းစား

**လန်ဒန် မတ် ၂၉**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ရွှေလက်အိတ်ဆုအား နော်တင်ဟမ်ဖောရက်စ်အသင်း ဂိုးသမား မက်ဇ်ဆဲလ်စ် ဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။

အဆိုပါ ဂိုးသမားသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၂ပွဲဖြင့် Clean-Sheet အများဆုံးဂိုးသမားအဖြစ် ထိပ်ဆုံးနေရာတွင် ရပ်တည်လျက်ရှိသည်။

ဂိုးသမား မက်ဇ်ဆဲလ်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် နော်တင်ဟမ်ဖောရက်စ်အသင်းအား ရလဒ်ကောင်းများရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ဂိုးသမား မက်ဇ်ဆဲလ်စ်အနေဖြင့် လက်ရှိရေပန်းစားနေသည့်အတိုင်း ယခုနှစ် ဘောလုံးရာသီတွင် ပရီးမီးယားလိဂ် ရွှေလက်အိတ်ဆုအား ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ကမ်ဘီယာဆို ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဂျူဗင်တပ်အသင်းမှ ထွက်ခွာမည်

**တူရင် မတ် ၂၉**

ဂျူဗင်တပ်အသင်းနောက်ခံကစားသမား ကမ်ဘီယာဆို ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဂျူဗင်တပ်အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပ ထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ကမ်ဘီယာဆိုသည် လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ယခုနှစ် ဘောလုံးရာသီကုန်တွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်လာခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းကလည်း ကမ်ဘီယာဆိုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်လည်းရှိနေသည်။

ထို့ကြောင့် နောက်ခံကစားသမား ကမ်ဘီယာဆိုအနေဖြင့် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ဂျူဗင်တပ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## ဟတ္တွန်ဂန် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူသွားဖွယ်ရှိ

**လန်ဒန် မတ် ၂၉**

စပါးအသင်းနှင့် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်း နောက်ခံကစားသမား ဗာတွန်ဂန် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူသွားဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၃၁၅ပွဲကစားပြီး အောင်မြင်မှုများရယူထားသလို ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနှင့်လည်း ပြိုင်ပွဲစုံ ၁၅၇ ပွဲကစားခဲ့သည်။

နောက်ခံကစားသမား ဗာတွန်ဂန်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာနှင့် ဆက်တိုက်ရင်ဆိုင်လာရခြင်းကြောင့် ကစားသမားဘဝမှ အနားယူရန် စဉ်းစားလာခြင်းဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဗာတွန်ဂန်က "ကျွန်တော် ယခုနှစ်ဘောလုံးရာသီကုန်မှာ ကစားသမားဘဝမှ အနားယူတော့မှာပါ။ ကျွန်တော့်ကိုအားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(NGB)

## ၂၀၂၄-၂၀၂၅ အမျိုးသမီးချန်ပီယံလိဂ် ချန်ပီယံဆုအား ဆွတ်ခူးရန် ဘာစီလိုနာ အမျိုးသမီးအသင်း ရေပန်းစား

**လန်ဒန် မတ် ၂၉**

၂၀၂၄-၂၀၂၅ အမျိုးသမီး ချန်ပီယံလိဂ် ချန်ပီယံဆုအား ဆွတ်ခူးရန် ဘာစီလိုနာ အမျိုးသမီးအသင်း ရေပန်းစားလျက်ရှိသည်။


ဘာစီလိုနာအမျိုးသမီးအသင်းသည် ၂၀၂၄-၂၀၂၅ အမျိုးသမီး ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် ချဲလ်ဆီးအမျိုးသမီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ဘာစီလိုနာ အမျိုးသမီးအသင်း ထုတ်ပြန်ချက်တွင် "၂၀၂၄-၂၀၂၅ အမျိုးသမီး ချန်ပီယံလိဂ် ချန်ပီယံဆုအား ဆွတ်ခူးရန် ရေပန်းစားလို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ ရေပန်းစားနေသည့်အတိုင်းလည်း ချန်ပီယံဆုအား ဆွတ်ခူးနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ အသင်းနည်းပြ အဖွဲ့ဝင်တွေနဲ့ အသင်းကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကိုလည်း ချီးကျူးမိပါတယ်"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)

0-0-0-0-0-0




## ယူအီးအက်ဖ်အေနေရှင်းလိဂ် ချန်ပီယံဆုအား ပေါ်တူဂီအသင်း ဆွတ်ခူးသွားဖွယ်ရှိ

**လန်ဒန် မတ် ၂၉**

ယူအီးအက်ဖ်အေနေရှင်းလိဂ် ချန်ပီယံဆုအား ဆွတ်ခူးရန် နာမည်ကျော်တိုက်စစ်မှူး စီရော်နယ်လ်ဒိုပါဝင်သည့် ပေါ်တူဂီလက်ရွေးအသင်းက ရေပန်းစားလျက်ရှိသည်။

ပေါ်တူဂီလက်ရွေးစင်အသင်းသည် ယူအီးအက်ဖ်အေနေရှင်းလိဂ် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းနှင့် တွေ့ဆုံလျက်ရှိသည်။

ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် ပြင်သစ်အသင်းတို့ ဆီမီးဖိုင်နယ်ပွဲစဉ်အား လာမည့် ဇွန် ၄ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပေါ်တူဂီလက်ရွေးစင်အသင်း အနေဖြင့် ရေပန်းစားနေသည့်အတိုင်း ယူအီးအက်ဖ်အေနေရှင်းလိဂ် ချန်ပီယံဆုအား ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)(NGB)



# မန္တလေးတိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေး ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ လှူဒါန်း




**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း မတ် ၂၈ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည့် သဘာဝဘေး ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံသို့ စေတနာအလှူရှင် Yoma Group ရီးမကုမ္ပဏီများအုပ်စုမှ သဘာဝဘေး ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းငွေကျပ် သိန်းတစ်ထောင်တိတိကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(မန္တလေးနေ့စဉ်)**

## စားသုံးသူရေးရာဦးစီးဌာနမှ ကုန်အညွှန်းအမှတ်အသားအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကုန်အညွှန်းအမှတ်အသားအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက် (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဌေးဌေးက ကုန်စည်၏အမျိုးအစား၊ အရွယ်အစား အရေအတွက်နှင့် အသားတင်ပမာဏ၊ သုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ကြိုတင်သတိပေးချက် စသည့် စားသုံးသူကာကွယ်ရေးဥပဒေအရ ဒီအချက်တွေကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာတစ်ခုခုဖြင့်ဖြစ်စေ၊ တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြပါရှိရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ပြည်တွင်း၊ ပြည်ပ ထုတ်လုပ်တင်သွင်းသည့် အမည်၊ လိပ်စာ၊ ထုတ်လုပ်၊ ထုတ်ပိုးသည့်လုပ်ငန်းအမည်၊ ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်း အမျိုးအစားများနှင့် ပစ္စည်းများ၏ ပမာဏ၊ ပါဝင်မှုအချိုးအစားနှင့် သက်ဆိုင်ရာ အစိုးရဌာနများက ဖော်ပြရန် သတ်မှတ်ထားသော အချက်အလက်များ စသည့်တို့ ပါရှိရမည့်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များမှ သိရှိလိုသည့် အကြောင်းအရာများအား မေးမြန်းခဲ့ရာ ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

## ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာတတ်များဖြစ်ရန် ပညာကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ ကျောင်းစာအပြင် ဗဟုသုတများ ရရှိမည့် စာအုပ်၊ စာပေများကို အားလပ်သည့်အချိန်များတွင် ရှာဖွေဖတ်ရှု မှတ်သားကြစေလိုကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရရှိစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြင်ပစာပေများဖတ်ရှုခြင်းဖြင့် အသိအမြင်၊ အတွေးအခေါ်များ ပိုမိုရရှိစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိစေရေးနှင့် အားလပ်သည့်အချိန်များတွင် စာကြည့်တိုက်သို့ လာရောက်ပြီး စာအုပ်၊ စာပေများ အခမဲ့ဖတ်ရှုနိုင်ကြောင်း အသိပညာပေးပြောကြားခဲ့ပြီး ပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့ရာ အခြေခံပညာကျောင်းမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲအပြီးတွင် ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**စုစုအေး (ကျောက်ဆည်)**

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများ ထုတ်ပေးလျက်ရှိ



**ဟိုပုံး မတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ယမန်နေ့ နံနက် ၈ နာရီက စတင်ကာ ထုတ်ပေးလျက်ရှိကြောင်း ဟိုပုံးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

ဟိုပုံးမြို့နယ်တွင် ပင်စင်စား အငြိမ်းစားနိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၅၂၅ ဦးရှိပြီး မြန်မာ့စီးပွားရေးဘဏ်မှ လစဉ် ၂၁ ရက်မှ လကုန်ရက်အထိ ရုံးဖွင့်ရက်တိုင်း ပင်စင်လစာများ ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပင်စင်လစာ လာရောက်မထုတ်ယူနိုင်သည့် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ဧပြီလဆန်းပိုင်းမှစ၍ ရုံးဖွင့်ရက်တိုင်း ပင်စင်လစာများ ထုတ်ယူခွင့်ပြုကြောင်း ဟိုပုံးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ မြို့နယ်မန်နေဂျာထံက သိရသည်။

(အပေါ်ဝဲပုံ)

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသော လီလီပန်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်တလုံးကြီး မတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် မိသားစုအပိုဝင်ငွေရရှိရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော လီလီပန်းများ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။

လီလီပန်းများ စိုက်ပျိုးရာတွင် လီလီပန်းမျိုးဥများ အရည်အသွေးကောင်းမွန်ပြီး လတ်ဆတ်ကာ အမြစ်များရှင်သန်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမည့်စိုက်ပေါင်နှင့် စိုက်ကျင်းအနက်တို့သည် မျိုးဥပေါ်မူတည်၍ ပြုလုပ်ပေးရပြီး မျိုးဥမချမီ စိုက်ပေါင်ကို နွားချေးနှင့် မြေဩဇာများ ရောစပ်၍ထည့်ကာ ရေဖြင့် ၆ နာရီခန့် ကြိုတင်နှပ်ထားပြီးမှ မျိုးဥချရကြောင်း၊ လီလီပန်းပင်များ စိုက်ပျိုးရာတွင် တွင်းအနက် အနည်းဆုံး ခြောက်လက်မ လိုအပ်ပြီး တစ်ပင်နှင့် တစ်ပင်ကြား ၆ လက်မခြား စိုက်ပျိုးရကြောင်း၊ လီလီပန်းများသည် နေရောင်ခြည်ကြိုက်သော်လည်း အေးသောရာသီဥတုကို နှစ်သက်သောကြောင့် အပူဒဏ်ခံနိုင်ရန် အမိုးများ မိုးထားပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး နှစ်ရက်လျှင် တစ်ကြိမ်ရေလောင်းပေးရပြီး ပေါင်းမြက်ပေါက်ရောက်မှုအပေါ်မူတည်၍ တစ်လတစ်ကြိမ်ခန့် ပေါင်းရှင်းပေးရန် လိုအပ်သည်။



လီလီပန်း မျိုးကွဲပေါင်း (၁၀၀) ကျော်ရှိပြီး အရောင်အားဖြင့် အဖြူ၊ အဝါ၊ ခရမ်း၊ အနီရောင်များရှိကြောင်း၊ လီလီပန်းများသည် စိုက်ပျိုးပြီး ရှစ်လကြာမှ ပန်းများခူးယူနိုင်ကြောင်း၊ ၂၀၂၄ခုနှစ် ဩဂုတ်လတွင် အဖြူရောင် လီလီပန်းမျိုးကို စိုက်ပျိုးခဲ့ပြီး ၂၀၂၅ ခုနှစ် ဧပြီလတွင် လီလီပန်းများ စတင်ခူးယူနိုင်မည်ဖြစ်ကြောင်း၊ ယခင်နှစ်ထက် ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း လီလီပန်းစိုက်ပျိုးသူ ဒေါ်နန်းစွဲထံက သိရသည်။

(ဝဲပုံ)

(၃၆၈)

*-*-*-*-*

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၉**

မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့်တွင် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ငလျင်ဒဏ်သင့်ဒေသအသီးသီး၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကေလာကျေးရွာအုပ်စုနှင့် နန့်ပန်ကျေးရွာအုပ်စု နန့်ပန်ကျေးရွာရှိ အလိုတော်ပေါက်ဘုရား၊ သာလေးကျေးရွာအုပ်စု နန်းဟူးကျေးရွာရှိ ဖောင်တော်ဦးဘုရားစသည့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်နေရာများ၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိပ်တော်ရပ်ကွက်ရှိ အဆောက်အအုံ၊ မန္တလေးတက္ကသိုလ်ရှိ အဆောက်အအုံများ၊ဦးလှသိန်းမွေ့ဗိမာန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်ကုန်-မန္တလေး အမြန်လမ်းရှိ လမ်း/ တံတားများ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဝေဠုဝန်ရိပ်သာကျောင်းတိုက်၊ တောင်ငူမြို့နယ်အတွင်းရှိ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၊ကန်သာဗလီဝတ်ပြုကျောင်း၊ သမိုင်းဝင်မဟာအောင်မြေရှိ ကောင်းမှုတော်စေတီတော်မြတ်ကြီးနှင့် သမိုင်းဝင်လောကမာရဇိန် နန်းတော်ဦး စေတီတော်မြတ်ကြီးတို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၁၈ ခု၊ ကျေးရွာတွင်း ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်း ၄ ခု၊ စုစုပေါင်း လုပ်ငန်း ၂၂ ခုကို ကျေးရွာတစ်ရွာလျှင် စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ စုစုပေါင်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၂၇၀၀နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၀၄ ဒသမ ၅၁၀ ကို အသုံးပြု၍ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ၄င်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် အဖွဲ့ဝင်များက ကျေးရွာနေပြည်သူများထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများကို အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၆၉)

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| စိန့်အက်တီယန် | ၁ - ၆ | ပီအက်စ်ဂျီ | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| အက်စပန်ညို | ၁ - ၁ | အက်သလက်တီကို |
| အလာဗက်စ် | ၀ - ၂ | ဗယ်လက်ကာနို |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဂျူဗင်တပ် | ၁ - ၀ | ဂျီနိုအာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘိုင်ယန်မြူးနစ် | ၃ - ၂ | စိန့်ပေါ်လီ |
| ဟော်ဖန်ဟိမ်း | ၁ - ၁ | အော့စ်ဘတ် |
| ဝုဖ်ဘတ် | ၀ - ၁ | ဟိုင်ဒင်ဟိမ်း |

# ကျောက်ဆည်မြို့နယ်တွင် ဇော်ဂျီ၊ ကင်းတား၊ သစ်တက္ကျုန်းဆည်များဖြင့် နွေနှမ်း ၂၉၀၀၀ ဧက လျာထားစိုက်ပျိုး

**ကျောက်ဆည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံရေး ဆီထွက်သီးနှံမျိုးစုံတိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ခုနှစ်တွင် ဇော်ဂျီ၊ကင်းတား၊ သစ်တက္ကျုန်း ဆည်ရေများဖြင့် နွေနှမ်း ၂၉၀၀၀ ဧက လျာထား စိုက်ပျိုးလျက်ရှိသည်။

နွေနှမ်းသီးနှံများ စိုက်ပျိုးရာတွင် မင်းရဲစိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းတွင် မင်းရဲ၊ သင်းတွဲ၊ နွားတက် စိုက်ပျိုးရေပေးမြောင်းများဖြင့် ၁၅၀၁ ဧက၊ သင်းတွဲ စိုက်ပျိုးရေး နည်းပညာပေးရှေ့တန်းစခန်းတွင် မင်းရဲ၊ သင်းတွဲ၊ ငပြောင်၊ စိုက်ပျိုးရေပေးမြောင်းများဖြင့် ၃၈၄၈ ဧက၊ သင်းဒီစိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းတွင် နွားတက်၊ အထက်လင်းဇင်း၊ သင်းဒီး စိုက်ပျိုးရေမြောင်းဖြင့် ၇၁၂၃ ဧက၊ ထုံးကြီး စိုက်ပျိုးရေး နည်းပညာပေးရှေ့တန်းစခန်းတွင် နွားတက်၊ ထုံးကြီး မြောင်းရေဖြင့် ၇၆၆၀ ဧက၊ စမာစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းတွင် စမာ၊ သစ်တက္ကျုန်း မြောင်းရေဖြင့် ၄၃၄၈ ဧက၊ တမုတ်စိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းတွင် ဇီးတော၊ နွားတက်၊ တမုတ် မြောင်းရေဖြင့် ၄၅၂၀ ဧက၊ စုစုပေါင်း ၂၉၀၀၀ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

နွေနှမ်းသီးနှံများ စိုက်ပျိုးရာတွင် လျာထားစိုက်ဧက ပြည့်မီကျော်လွန်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ စိုက်ပျိုးရေး နည်းပညာပေးရှေ့တန်းစခန်းများရှိ ရေမြောင်းများအား အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေများ ပေးဝေသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရေး မြေပြုပြင်ချိန်မှ စတင်ကာ အပင်ပြုစုပျိုးထောင် သားခွဲပေါင်းနုတ် ရှင်းလင်းခြင်း၊ သွင်းအားစု ထည့်သွင်းခြင်း၊ ရိတ်သိမ်းသိုလှောင်ချိန်အထိ နည်းစနစ်ကျရေး တောင်သူများအား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (၄၈၅)



# အွန်လိုင်းမှတစ်ဆင့် ရွှေရောင်းချပါက ၎င်းနှင့်ပတ်သက်သည့် လိုင်စင်လျှောက်ထားရန်လို

**မန္တလေး မတ် ၂၉**

အွန်လိုင်းကို အသုံးပြု၍ ရွှေများ ရောင်းချသည့် ရွှေဆိုင်များသည် ယင်းကဲ့သို့ ရောင်းချခြင်းအတွက် ထပ်မံ၍ လိုင်စင်လျှောက်ထားရန် လိုအပ်ကြောင်း ရွှေလုပ်ငန်းရှင်များအသင်းက အသိပေးထားသည်။

အွန်လိုင်းမှ တစ်ဆင့်ရောင်းချခြင်းအတွက် ကုန်သွယ်ရေးဦးစီးဌာနတွင် (Online Sales) ရောင်းချမှု လိုင်စင်လျှောက်ထားရယူရန် လိုအပ်သည်ဟု ဆိုသည်။

"ရွှေရောင်းချရာမှာ ရွှေဆိုင်တွေက ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်တဲ့ ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရှိရမယ့်အပြင် Online ကနေ ရောင်းချမယ်ဆိုရင် အဲ့ဒီအတွက် မှတ်ပုံတင်ထပ်မံ လျှောက်ထားရန် လိုပါတယ်။ ဓာတ်သတ္တု(ရွှေ)ရောင်းတဲ့ လိုင်စင်ရှိပြီး Online က ရောင်းတာမရှိရင်တော့ မလိုပါဘူး"ဟု ၎င်းအသင်းဝင်တစ်ဦးက ပြောသည်။

အွန်လိုင်းမှ ရောင်းချခြင်းအတွက် လိုင်စင်လျှောက်ထားရယူခြင်းမရှိဘဲ ရောင်းချနေမှုကို စစ်ဆေးတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း မရှိပါက ရောင်းချခွင့်မရှိကြောင်း သိရသည်။

"ရွှေရောင်းတဲ့ ဈေးကွက်မှာ နှုတ်နဲ့ ရောင်းဝယ်တာမျိုးနဲ့ အမှန်တကယ် ရောင်းဝယ်တဲ့သူတွေဆိုပြီး မှတ်ပုံတင်ထားတဲ့ လိုင်စင်နဲ့ ခွဲခြားဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် လိုင်စင်လုပ်ထားရမှာဖြစ်ပါတယ်။ ဒါကြောင့် ရွှေရောင်းချသူတွေအနေနဲ့ လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈ရက်မှ ၂၀၂၅ ဖေဖော်ဝါရီ ၁၇ရက်ထိ ၃လအတွင်း ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် လျှောက်ထားမှုမှာ စုစုပေါင်း ၄၇၅ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**




# အလယ်တန်းအဆင့် အင်္ဂလိပ်စာအခြေခံ (Grammar) သင်တန်း ဖွင့်လှစ်

**မိုင်းဖြတ် မတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက်များ၌ ကျောင်းသား၊ ကျောင်းသူ လူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ရည်ရွယ်၍ အလယ်တန်းအဆင့် အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုစာဖတ်ဌာန၌ ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျောင်းပိတ်ရက်များ၊ အားလပ်ချိန်များတွင် မိမိတို့အတွက် အထောက်အကူပြုစေမည့် သင်တန်းများ လေ့လာသင်ယူနိုင်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် နည်းပြဆရာက သင်တန်းဆိုင်ရာ စည်းကမ်းချက်များနှင့် သင်ကြားမည့် သင်ခန်းစာများကို မိတ်ဆက်ဆွေးနွေးပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ အဆိုပါသင်တန်းကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်၍ သင်တန်းကာလမှာ မတ် ၂၄ ရက်မှ ဧပြီ ၁၁ ရက်အတွင်း အခြေခံအင်္ဂလိပ်စာ (Grammar) တွင် ပါဝင်သည့် (Tenses-12) မျိုး၊ ဝါစင်္ဂရှစ်မျိုး၊ Letter နှင့် Essay ရေးနည်းအခြေခံများကို စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





# စာဖတ်ရှိန်မြင့်မားရေးနှင့် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ကျေးသီး မတ် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျေးသီးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်ရှိန်မြင့်မားရေးနှင့် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်၍ ယမန်နေ့နံနက်ပိုင်း မြို့နယ်လူထုအခြေပြုစာဖတ်ဌာနတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲတွင် ကျေးသီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိဦးအာကာထွန်းက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်သည့် အလေ့အကျင့်များ ရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့် စိတ်များဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး၊ ဗဟုသုတနှင့်ပြည့်စုံရေး စာဖတ်စွမ်းရည် မြင့်မားလာစေရန် စာဖတ်စွမ်းရည် ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်၊ စာစောင်များနှင့် တစ်ခါသုံး ပလတ်စတစ်အသုံးပြုမှု လျှော့ချရေးဆိုင်ရာ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**

# ဖီးကြမ်းငှက်ပျောသီးနှံများ တိုးချဲ့စိုက်ပျိုး

**ကျောက်ဆည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် တောင်သူများအနေဖြင့် စပါး၊ ကြက်သွန်၊ ရှောက်၊ မြေပဲ၊ နှမ်း၊ ဝါ၊ကုလားပဲ၊ ငှက်ပျော စသည့်သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်းနှင့် ယာမြေများတွင် ဈေးကွက်ကောင်းပြီး မိသားစု တစ်နိုင်တစ်ပိုင် လုပ်အားဖြင့် စိုက်ပျိုးနိုင်သော ဖီးကြမ်းငှက်ပျောများ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ငှက်ပျောသီးနှံ စိုက်ပျိုးရာတွင် လူလုပ်သားများစွာ အသုံးမပြုရခြင်း၊ မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ခြင်း၊ အကျိုးအမြတ်များခြင်းတို့ကြောင့် တောင်သူများအနေဖြင့် ဖီးကြမ်းငှက်ပျောကို စိုက်ပျိုးကြကြောင်း စိုက်ပျိုးရာတွင် ဝါဆို၊ ဝါခေါင်လများတွင် အများဆုံး စိုက်ပျိုးကြကြောင်း စိုက်ပျိုးရာတွင် ဒေသအလိုက် တစ်ပင်တန်းစိုက်ပျိုးခြင်းနှင့် နှစ်ပင်တန်းစိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုးစိုက်ပျိုးကြပြီး တစ်ပင်တန်းစိုက်ပျိုးပါက တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့် တစ်တန်း(၈)ပေအကွာ၊ နှစ်ပင်တန်း(စွယ်စုံ) စိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင် ၂ ပေ၊ တစ်တန်းနှင့်တစ်တန်း ၁၀ ပေ ခန့်အကွာ စိုက်ပျိုးကြသည်။

ရေ၊ မြေနှင့်အပင် အပြုအစုကောင်းပါက စိုက်ပျိုးပြီးရှစ်လအကြာတွင် အဖူးများ စတင်ထွက်ရှိပြီး ၁၂လအကြာတွင် ရောင်းချရကြောင်း၊ နှစ်ပင်တန်း(စွယ်စုံ) စိုက်ပျိုးမည်ဆိုပါက တစ်ဧကအပင်ရေ ၈၀၀ပင် စိုက်ပျိုးနိုင်ပြီး၊ ကုန်ကျမှုအနေဖြင့် ထယ်စရိတ်၊ ထွန်စရိတ်၊ ပျိုးပင်ဖိုးနှင့်စိုက်စရိတ်အပါအဝင် ရေတင်ခြင်း၊ မြေဩဇာအသုံးပြုခြင်း၊ ပေါင်းသင်ခုတ်လှဲ ရှင်းလင်းခြင်းများ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းမှ ၁၂ သိန်းအထိ ကုန်ကျပြီး ငှက်ပျောခိုင်ရောင်းချရာတွင် ငွေကျပ် ၃၂သိန်းခန့် ပြန်လည်ရရှိသည့်အပြင် ငှက်ပျောအဆို့(သားတက်)(ပျိုးပင်)ရောင်းချပါက ငွေကျပ်နှစ်သိန်းနီးပါး စုစုပေါင်းငွေကျပ် ၅၂သိန်းကျော် ပြန်လည်ရရှိကြောင်း ငှက်ပျောစိုက်တောင်သူများထံက သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**



သင့်သွေးဖြင့်
အသက်
ကယ်ပါ။

## တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ



**ရွှေဘို မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှတင်သွင်းလာသော လူသုံးကုန်ပစ္စည်းများနေရာတွင် ပြည်တွင်းဖြစ်လူသုံးကုန်များဖြင့် အစားထိုးနိုင်ရန် နိုင်ငံခြားသုံးငွေလျှော့ချနိုင်စေရန်၊ ပြည်သူများကိုယ်ပိုင်စီးပွားရေးလုပ်ငန်းထူထောင်ပြီး တစ်ဦးခြင်းဝင်ငွေတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်က သင်တန်းရေးရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် နည်းပြနှစ်ဦးတို့က သီးနှံအခြေခံယို၊ ဖျော်ရည်အမျိုးမျိုးပြုလုပ်နည်းများကို မတ် ၂၄ ရက်မှ ၃၀ ရက်အထိ ခုနစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*- *- *- *- *

## မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပန်းချီသင်တန်း ဖွင့်လှစ်



**မန္တလေး မတ် ၂၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြား၊ ၆၂လမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်ရုံး၊ လူထုအခြေပြုဗဟိုဌာနတွင် မတ် ၂၄ ရက် နံနက် ၁၀ နာရီက အခြေခံပန်းချီသင်တန်းဖွင့်လှစ်ပွဲကို ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်မွန်သူက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်အေးလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းပြဆရာ ပန်းချီ၊ ကာတွန်း ဖိုးချစ်(ဖိုးချစ်-မန်းတောင်ခြေ)က သင်တန်းတွင် သင်ကြားပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ပန်းချီသင်တန်းအား မတ် ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တာ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၇ဝ)



## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**နတ်မောက် မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မတ် ၂၄ ရက် နံနက် ၉နာရီခွဲက ပုံပြင်ပြောပြိုင်ပွဲ ကျင်းပသည်။

အဆိုပါ ပုံပြင်ပြောပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်သင်းသင်းဝေ(ဒုတိယဦးစီးမှူး)က လူငယ်လူရွယ်များ ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်စေရန်၊ စာဖတ်သည့်အလေ့အကျင့်ရှိစေရန်၊ နွေရာသီအားလပ်ရက်များ၌ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ကြစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ တက်ရောက်လာကြသည့် သားငယ်၊သမီးငယ်များက မိမိတို့ဖတ်ရှုလေ့လာထားသည့် ပုံပြင်ခေါင်းစဉ်များဖြင့် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။ နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် အားလပ်သည့် အချိန်များတွင် ပုံပြင်ပြောခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပန်းချီရေးဆွဲခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲများ ဉာဏ်စမ်းမေးပြိုင်ပွဲများ လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) မှူမှူစန်း

## အလယ်တန်းနှင့် မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း သင်ကြားပို့ချ

**မင်းဘူး မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို မတ် ၂၄ ရက်မှ ယနေ့အထိ ဆက်လက်သင်ကြားပို့ချလျက်ရှိသည်။ **(အောက်ယာပုံ)**

အဆိုပါ သင်တန်းကို မင်းဘူး(စကု)မြို့နယ် ပညာရေးမှူး ဒေါ်သွယ်သွယ်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ဆရာ ၁၆ ဦး၊ ဆရာမ ၁၂၇ ဦး၊ စုစုပေါင်း ၁၄၃ ဦးနှင့် မူလတန်းအဆင့် ဆရာ ၁၅၃ ဦး၊ ဆရာမ ၅၃၁ ဦး၊ စုစုပေါင်း ၆၈၄ ဦးတို့အား မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ ဘာသာရပ်များကို သင်တန်းနည်းပြဆရာ၊ ဆရာမများက ဆွေးနွေးပို့ချပေးလျက်ရှိသည်။ ယင်းသင်တန်းတွင် ဆရာအတတ်ပညာဆွေးနွေးခြင်း၊ မူလတန်းအဆင့်အခန်းဆုံးစစ်ဆေးခြင်း၊ ဘာသာရပ် ဆွေးနွေးခြင်းနှင့် ဘာသာရပ်အလိုက် သင်ကြား/သင်ယူမှုများကို ရှုထောင့်မျိုးစုံမှ အမြင်များဖြင့် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

သင်တန်းကို မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၂၄ ရက် မှ ၂၈ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ (၅၀၄)



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## တောင်သမန် ငှက်လှေ

\- - - - - - - - - - -

* ကမ္ဘာကျော်ကြား ဦးပိန်တံတားနှင့်
တောင်သမန်အင်း ရေပြင်တွင်းမှာ
ရှုခင်းသာယာ သွားလိုရာသို့
အားသွန်ခွန်စိုက် လှော်ခတ်လိုက်ပို့
စီးသူတို့ပျော်နေ တောင်သမန်ငှက်လှေ ။

* ရေလယ်အတွင်း ငှက်လှေစီးရင်း
လေညှင်းခံလျှင် လွမ်းသန့်စင်လှ
အောက်စီဂျင်ပြည့်ဝ ကိုယ်စီရ၍
စိတ်ကြည်ကျန်းမာ ပန်းဖြေစရာ
တောင်သမန် ငှက်လှေ စီးကြည့်ပါ ။

* ရေကြောင်းပိုင်ပိုင် လှော်ခတ်နိုင်ခြင်း
အန္တရာယ်ကင်း ပျော်ရွှင်ရင်းသာ
ကမ်းမှမြင်ရာ ရှုခင်းသာသို့
ညွှန်ပြလိုက်ပို့ သူတို့စေတနာ
သိသောခါဝယ် ရောက်လာညှော့ကြီး
ငှက်စီးပြီးပြန် နောက်တဖန်
နောက်တစ်ခေါက် ထပ်မံရောက်ရန်
လွမ်းအောင်လည်းဖန် စွမ်းဆောင်နိုင်တဲ့
တောင်သမန်ငှက်လှေအဖွဲ့ ။ ။

မန္တလေးဒူးပျံ

## စက်သုံးဆီဝယ်ယူသုံးစွဲခြင်းနှင့်ပတ်သက်၍ အများပြည်သူသို့ အသိပေးခြင်း

၂၈-၃-၂၀၂၅ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြောင့် စက်သုံးဆီအရောင်းဆိုင်အချို့တွင် အဆောက်အဦများ ပြိုကျပျက်စီးခြင်း၊ မြေအောက်သိုလှောင်ကန်များ အပါအဝင် ဆီပန့်နှင့်ဆက်သွယ်ထားသော မြေအောက်ဆီပိုက်လိုင်းများ ပျက်စီးချို့ယွင်းခြင်း၊ စက်သုံးဆီဖြန့်ဖြူးရာတွင်အသုံးပြုသည့် မီးစက်အချို့ ပျက်စီးချို့ယွင်းခဲ့သည့်အပြင် လျှပ်စစ်မီးလိုင်းများပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါ ပျက်စီးချို့ယွင်းမှုများအား အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ရေး ကြိုးကြပ်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အရောင်းဆိုင် စုစုပေါင်း ၁၀၅ ဆိုင်အနက် အရောင်းဆိုင် ၉၀ ခန့်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိအရောင်းဆိုင် ၁၆၄ ဆိုင်တို့အားပြင်ဆင်ပြီးစီးခဲ့သဖြင့် ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ကျန်အရောင်းဆိုင်များအား ဆောလျင်စွာဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် မည်သည့်ပျက်စီးချို့ယွင်းမှုမျှမရှိဘဲ ပုံမှန်အခြေအနေအတိုင်း ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရန်အတွက် ကြိုတင်စီမံထားသည့်အတိုင်း သီလဝါသိုလှောင်ကန်စခန်းများတွင် ရက်သတ္တပတ် (၁)ပတ်စာခန့် သိုလှောင်ထားရှိပြီးဖြစ်သည့်အပြင် ဆီတင်သင်္ဘောများမှာလည်း အဆက်မပြတ်ဝင်ရောက်လျက်ရှိရာ Jetty များတွင် လေးစီး၊ ပင်လယ်ဝတွင်သုံးစီး၊ လမ်းခရီးတွင်သုံးစီးနှင့် ပြည်ပနိုင်ငံများတွင် စက်သုံးဆီတင်ဆောင်နေသည့်သင်္ဘော ၁၁ စီးဖြစ်သဖြင့် စက်သုံးဆီပြတ်လပ်မှုဖြစ်ပေါ်နိုင်မည်မဟုတ်ဘဲ ပုံမှန်ဖြန့်ဖြူးမှုများအပြင်လိုအပ်ပါက အရေးပေါ် Urgent ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်ထားပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူအနေဖြင့် လတ်တလောအခြေအနေကြောင့် စက်သုံးဆီပြတ်လပ်မှုဖြစ်ပေါ်မည်ဟု စိုးရိမ်စိတ်ဖြင့် မလိုအပ်ဘဲ တန်းစီဝယ်ယူခြင်း၊ အပိုသိုလှောင်ထားခြင်း မပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အီရန်နျူကလီးယားအရေးကို ဆွေးနွေးဖြေရှင်းရန် ဆန္ဒရှိကြောင်း ပြောကြား



တီဟီရန် မတ် ၂၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်နျူကလီးယားအရေးကို ဆွေးနွေးဖြေရှင်းရန်အတွက် အီရန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ်ကို တားဆီးရန်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီခါမေနီထံ စာတစ်စောင်ပေးပို့ခဲ့ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

နျူကလီးယားအရေးနှင့်ပတ်သက်ပြီး တတိယနိုင်ငံ တစ်နိုင်ငံက ကြားဝင်စေ့စပ်ညှိနှိုင်းပေးမည်ဆိုပါက ဆွေးနွေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘာ့စ်အာရတ်ချီက မတ် ၂၇ ရက်တွင် ပြောကြားသည်။

၂၀၁၈ ခုနှစ်တွင် ဒေါ်နယ်ထရမ့်၏ ယခင်အစိုးရသည် အီရန်နျူကလီးယား သဘောတူညီချက်ရရှိရန် ကြိုးပမ်းခဲ့ခြင်းမရှိဘဲ စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ သမ္မတဂျိုးဘိုင်ဒင် ဦးဆောင်သော အစိုးရသည် အီရန်နှင့် သွယ်ဝိုက်သောနည်းဖြင့် နျူကလီယား သဘောတူညီချက်ကို ပြန်လည်ရယူရန် ကြိုးပမ်းသော်လည်း အောင်မြင်ခဲ့ခြင်းမရှိပေ။

ဆွေးနွေးပွဲများသည် သဘောထားကွဲလွဲနေသည့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေမည့် ဦးတည်ချက်ရှိမရှိကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ ကိုးဦး သေဆုံးပြီး ၁၀၁ ဦး ပျောက်ဆုံးလျက်ရှိ

ဗန်ကောက် မတ် ၂၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၂၈ ရက်တွင် အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူကိုးဦး သေဆုံးကာ ကိုးဦး ထိခိုက်ဒဏ်ရာရပြီး ၁၀၁ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ထိုင်းအာဏာပိုင်များက မတ် ၂၉ ရက်တွင် ပြောကြားသည်။

**အရေးပေါ်အခြေအနေကြေညာ**

အာဏာပိုင်များသည် ငလျင်ဒဏ် ဆိုးရွားစွာ ထိခိုက်ခံစားရသည့် ဗန်ကောက်မြို့တော်နှင့် အခြားပြည်နယ်နှစ်ခု၌ အရေးပေါ် အခြေအနေကြေညာထားပြီး အဆောက်အအုံဘေးကင်းရေး အကဲဖြတ်မှုများနှင့် ထိခိုက်ပျက်စီးမှုများကို စစ်တမ်းကောက်ယူမှုများပြုလုပ်လျက်ရှိကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးရေးဦးစီးဌာနက ပြောကြားသည်။



မြန်မာနိုင်ငံ အလယ်ပိုင်းတွင် မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ထိုင်းနိုင်ငံရှိပြည်နယ် ၁၄ ခု ထိခိုက်ပျက်စီးခဲ့ကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖာဆာခွန် ဘူညာလက်ခ်က ပြောကြားသည်။

**အစုလိုက်ပြောင်းရွှေ့မှုများ ဆောင်ရွက်**

အထူးသဖြင့် ဗန်ကောက်မြို့တွင် ငလျင်လှုပ်ခတ်မှုကိုခံစားခဲ့ရပြီး ရုံးခန်းအဆောက်အအုံများ၊ လူနေအိမ်များမှ ပြည်သူများကို ဘေးလွတ်ရာနေရာများသို့ အစုလိုက်ပြောင်းရွှေ့မှုများ ဆောင်ရွက်ပေးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဗန်ကောက်မြို့တော်ရှိ မြေအောက်ရထားနှင့် မိုးပျံရထားပြေးဆွဲမှုများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

ရထားပြေးဆွဲမှု အများစုသည် မတ် ၂၉ ရက် နံနက်ပိုင်းတွင် ပုံမှန်အတိုင်း စတင်လည်ပတ်လျက်ရှိသည်။

ငလျင်ဘေးအန္တရာယ်ဆိုင်ရာ နောက်ဆုံးအခြေအနေများကို စောင့်ကြည့်လျက်ရှိပြီး ကယ်ဆယ်ရေး အစီအမံများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ထိုင်းဝန်ကြီးချုပ် ရှင်နာဝပ်ထရာက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ငလျင်ဒဏ်ခံစားခဲ့ရသည့် မြန်မာနိုင်ငံကို အကူအညီများပေးရန် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်း




ကုလသမဂ္ဂ မတ် ၂၉

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ငလျင်ဒဏ်ခံစားခဲ့ရသည့် မြန်မာနိုင်ငံကို အကူအညီများပေးရန် ကမ္ဘာ့နိုင်ငံများအားတိုက်တွန်း ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံအတွင်း အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများအတွက် ကုလသမဂ္ဂအဖွဲ့က အမေရိကန်ဒေါ်လာငါးသန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကယ်ဆယ်ရေးဝန်ထမ်း ၁၂၀ ခန့်ကို မြန်မာနိုင်ငံ၌ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေလွှတ်ထားကြောင်း ရုရှားအရေးပေါ် ဝန်ကြီးဌာနက ပြောသည်။

တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆေးဝါးကုသရေးတို့တွင် ကူညီဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က ဆက်လက်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ရိုးရာပွဲတော်များ

**ဆယ့်နှစ်လရာသီပွဲများ**

မြန်မာတို့၏ တစ်နှစ်တာအတွင်း တန်ခူးလမှ တပေါင်းလအထိ ဆယ့်နှစ်လသတ်မှတ်ထားရှိရာ လအလိုက် 'ရာသီ'ကိုလည်း သတ်မှတ်ထားသည်။ 'ရာသီ'ဆိုသည်မှာ 'ကာလအပိုင်းအခြား' ဖြစ်သည်။ တစ်နှစ်တာကို ကာလအပိုင်းအခြား'ရာသီ'ဆယ့်နှစ်ပိုင်းခွဲခြားထားခြင်း ဖြစ်သည်။ တစ်နှစ်တာ နေအပူရှိန်၊ မိုးရွာသွန်းသည့်ကာလ၊ နှင်းကျ၍ အေးသည့်ကာလများအရ နွေဥတု၊ မိုးဥတုနှင့် ဆောင်းဥတုဟူ၍ ဥတုသုံးပါးလည်း သတ်မှတ်ထားရှိသည်။ 'ဥတု'ဆိုသည်မှာလည်း တစ်နှစ်တာကို သုံးပိုင်း ပိုင်းခြားထားရှိမှုပင် ဖြစ်သည်။

ရာသီဆယ့်နှစ်ပါးဆိုရာတွင် တန်ခူးလ'မိဿရာသီ'၊ ကဆုန်လ'ပြိဿရာသီ'၊ နယုန်လ'မေထုန်ရာသီ'၊ ဝါဆိုလ'ကရကဋ်ရာသီ'၊ ဝါခေါင်လ'သိဟ်ရာသီ'၊ တော်သလင်းလ'ကန်ရာသီ'၊ သီတင်းကျွတ်လ'တူရာသီ'၊ တန်ဆောင်မုန်းလ'ဗြိစ္ဆာရာသီ'၊ နတ်တော်လ'ဓနုရာသီ'၊ ပြာသိုလ'မကရရာသီ'၊ တပို့တွဲလ'ကုံရာသီ'၊ တပေါင်းလ'မိန်ရာသီ'ဖြစ်သည်။

ထို့ပြင် လစဉ်ရိုးရာပွဲတော်များရှိလေရာ အခြေခံပညာသင်ကျောင်းများ၌ မြန်မာဖတ်စာသင်ရိုးမှာပင် ဤသို့သင်ကြားခဲ့ရသည်။

'သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ။
စာပလွေခင်း၊ ပဉ္စင်းတော်ခံ။
စာရေးတံနှင့် မြစ်ယံပွဲကြီး။
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း။
မြက်ခင်းထွက်ဝင်၊ သဘင်မီးဖုန်း။
ဂူလုံးသဲပုံ၊ စေ့စုံစီလျှင်၊ ဤသို့ယှဉ်သာ။
လစဉ်အမြဲ၊ ဆယ့်နှစ်ပွဲ။

**နှစ်သစ်ပြောင်းကူး လတန်ခူး**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်သည် လအလိုအားဖြင့် ပြီးခဲ့သည့် တပေါင်းလသည် နောက်ဆုံးလဖြစ်ခဲ့သည်။ တပေါင်းလ၏ ထူးခြားချက်မှာ ခြေခင်းလက်ခင်းသာသည့် ပွင့်လင်းရာသီလည်းဖြစ်၊ ဆောင်းနှောင်းကာလ၏ နံနက်ပိုင်းနှင့် ညပိုင်းအအေးဓာတ်လည်း ရှိနေသေးသဖြင့် ညအိပ်ညနေခရီးသွားများအတွက် အဆင်ပြေသည့်လ ဖြစ်သည်။

ထူးခြားသည်မှာ ပြီးခဲ့သည့် တပေါင်းလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တပေါင်းပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြခြင်း ဖြစ်သည်။

တပေါင်းလပြည့်နေ့ နံနက်ပိုင်းက မန္တလေးတောင် ဆုတောင်းပြည့်မြတ်စွာဘုရား၏ ဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ မန္တလေးတိုင်းဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်လှူဒါန်းခဲ့ကြသည်။

ရန်ကုန်မြို့တော်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၁၃ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ စေတီတော်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ ဆွမ်းတော်ကြီးလောင်းလှူပွဲ၊ အသံမစဲပဋ္ဌာန်းတရားတော်ရွတ်ဖတ်ပူဇော်ပွဲ၏ အောင်ပွဲရေစက်ချတရားနာပွဲများ ကျင်းပခဲ့ကြသည်။ ထို့ပြင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်ရှိ အတုလမာရဇိန်ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်ကြီး ရောင်တော်ဖွင့် ဗုဒ္ဓဘိသေက အနေကဇာတင် လှူဒါန်းပူဇော်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ကြီးမှူးဆောင်ရွက်ခဲ့ကြသည်။ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၊ ဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်၊ မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်နှင့် ဆုတောင်းပြည့်မယ်လမုစေတီတော်၊ ကိုးထပ်ကြီးဘုရားတို့တွင် ဗုဒ္ဓပူဇနိယဘုရားပွဲများ ကျင်းပခဲ့ရာ ဘုရားဖူးများ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ သစ်သီးဆွမ်းလှူခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းများ ပြုလုပ်ခဲ့ကြသည်။

ကျွန်ုပ်တို့ မန္တလေးမြို့တွင် တန်ခိုးကြီးဘုရားစေတီများ၌ ဗုဒ္ဓပူဇနိယပွဲတော်များ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲများ ကျင်းပခဲ့ကြသည်။ ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ အောင်တော်မူဘုရား၊ ဘုရားနီဘုရား၊ စွယ်တော်ဘုရားတို့တွင် ဘုရားဖူးပရိသတ်များပြားလှသည်။ နေ့လယ်ပိုင်း အချိန်များတွင် ဘုရားဖူးများသည် ဘုရားဝင်းအတွင်းရှိ အဆောင်များ၊ သစ်ရိပ်၊ ဝါးရိပ်ကောင်းများတွင် ခို၍ တရားရှုမှတ်ဘာဝနာပွားများခြင်း၊ ပုတီးစိပ်ခြင်း၊ တရားစာများ ဖတ်ကြားခြင်း၊ ရွတ်ဖတ်ခြင်းတို့ ပြုကြသည်။

နေပြည်တော်၌ တပေါင်းလပြည့်နေ့ မွန်းလွဲပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ 'အဂ္ဂါဓိပတိသာသနာဗိမာန်တော်ကြီးတွင် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း မဟာမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့ကြသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ ရွှေစက်တော်ဘုရားနှင့် ဗုဒ္ဓပါဒခြေတော်ရာနှစ်ဆူအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဖူးမြော်ပူဇော်ခြင်းတို့ဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ကြသည်မှာ အထူးများပြားစည်ကားလှသည်။

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သီရိမင်္ဂလာတောင်တော် (ရင်ကွဲတောင်)ပြည်လုံးချမ်းသာစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယဘုရားပွဲများ ကျင်းပကြရာ တောင်ပေါ်တိုင်းရင်းသားပြည်သူတို့ လာရောက်ဖူးမြော်ကြသည်။

**သင်္ကြန်တာကူးမည့် တန်ခူးလနှစ်သစ်ပွဲတော်**

တောင်ပေါ်မြေပြန့်၊ မြစ်ဝှမ်းလွင်ပြင်၊ အထက်အညာ ဇရာကျွန်းပေါ်မကျန် နိုင်ငံတစ်နံ့တစ်လျား များပြားစွာနေထိုင်ကြသော ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားတို့သည် မည်သည့်ကာလကမျှ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို စွန့်ရိုးမရှိကြပါပေ။ မြန်မာဆယ့်နှစ်လ ဆယ်နှစ်ရာသီတွင် နှစ်ကူးသင်္ကြန်ပွဲတော်ကို ရှင်မြူးစွာ နွှဲပျော်ကြသည့်အပြင် ညောင်ရေသွန်းပွဲတော်၊ စာပြန်ပွဲ၊ ပဉ္စင်းခံရှင်ပြုပွဲ၊ စာရေးတံလှူဒါန်းပွဲ၊ လှေပွဲ၊ မီးပုံးပွဲတော်အပြင် သဲပုံစေတီတည်၍ ဆီမီး၊ ပန်း၊ နံ့သာ၊ သောက်တော်ရေ၊ သီးနှံနှင့် ဆွမ်းကပ်လှူပွဲများကို မပြတ်လှူဒါန်းကြသည်။ ဗုဒ္ဓပူဇနိယပွဲများဆိုလျှင် နှစ်စဉ်ကျင်းပမည့်ရက်သတ်မှတ်၍ ရပ်ဓလေ့၊ ရွာဓလေ့ပြိုင်ပွဲများ၊ ရှုချင်စဖွယ် အငြိမ့်၊ ဇာတ်ပွဲများထည့်၍ ရှင်လန်းမြူးထူးစွာ ပွဲလမ်းသဘင်ကြီးများ ကျင်းပလေ့ရှိသည်။

၁၃၈၆ ခုနှစ် တပေါင်းလသည် ခရစ်နှစ် မတ် ၂၈ ရက် (တပေါင်းလပြည့်ကျော် ၁၅ ရက်)တွင် လကွယ်၍ လကုန်သည်။ သို့ဖြစ်၍ မတ် ၂၉ ရက်သည် နှောင်းတန်ခူးလဆန်း ၁ ရက် ဖြစ်သည်။ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက် (၁၃-၄-၂၀၂၅)တွင် သင်္ကြန်အကြိုနေ့၊ လပြည့်ကျော် ၂ ရက်(၁၄-၄-၂၀၂၅)တွင် သင်္ကြန်အကျနေ့၊ လပြည့်ကျော် ၃ ရက် (၁၅-၄-၂၀၂၅)တွင် သင်္ကြန်အကြတ်နေ့၊ လပြည့်ကျော် ၄ ရက်(၁၆-၄-၂၀၂၅)တွင် သင်္ကြန်အတက်နေ့ဖြစ်ကာ လပြည့်ကျော် ၅ ရက်(၁၇-၄-၂၀၂၅)သည် မြန်မာတို့၏ နှစ်ဆန်း ၁ ရက်၊ ၁၃၈၇ ခုနှစ်သို့ ပြောင်းရောက်ရှိသည့် နေ့ရက်ဖြစ်သည်။

မြန်မာတို့၏ ရိုးရာဓလေ့တွင် နှစ်သစ်ကူးအခါသမယကို အထူးလေးစားလိုက်နာလေ့ရှိသည်။ နှစ်သစ်ကူးသင်္ကြန်အခါတော်မတိုင်မီကပင် ကျွန်ုပ်တို့ မန္တလေးမြို့တော်တွင် အစဉ်အလာမပျက်၊ ပုဏ္ဏားတော် အဆက်များက 'မန္တလေးမဟာသင်္ကြန်စာ'ကို ထုတ်ဝေလေ့ရှိသည်။ ဤသို့ ထုတ်ဝေမှုသည် မြန်မာဘုရင်များလက်ထက်မှ စခဲ့ခြင်းဖြစ်သည်။ မြန်မာ့နှစ်သစ်အစ တန်ခူးလ၊ ခရစ်နှစ် ဧပြီလတွင် မြန်မာ့လူများစုကြီးဖြစ်သော ကျေးလက်နှင့် မြို့ပြနေတောင်သူလယ်သမားနှင့် မိသားစုတို့မှာ စပါး၊ ကောက်ပဲသီးနှံရိတ်သိမ်းကြပြီးဖြစ်၍ ခေတ္တမျှအားလပ်ရက်ရခြင်း၊ ကျောင်းသူ၊ ကျောင်းသား၊ ရုံးသူ၊ ရုံးသား၊ အလုပ်ရုံ၊ အလုပ်သမားတို့မှာလည်း ခွင့်ရက်ရှည်များ၊ အားလပ်ရက်များ၊ နွေရာသီကျောင်းပိတ်ရက်များရရှိသည့်အချိန်ဖြစ် နှစ်သစ်ကူးသင်္ကြန်အခါတော်ကာလ ဘုရားဖူးခရီးထွက်ခြင်း၊ အပန်းဖြေစခန်းများတွင် အနားယူအပန်းဖြေခြင်း၊ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေများထံ အလည်အပတ်သွားခြင်း စသည်တို့ဖြင့် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားကြသည့်လ ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် ကျေးလက်၊ မြို့ပြများတွင် နေကြသူအများစုမှာမူ မိမိတို့ရပ်ရွာရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရား၊ စေတီများတွင် သီလယူ၊ ဥပုသ်စောင့်ခြင်း၊ ဆွမ်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စေတီပုထိုးများတွင် ဆွမ်းပန်း၊ ရေချမ်း၊ နံ့သာတို့ ကပ်လှူခြင်း၊ ပဋ္ဌာန်းတရားပွဲများ ဆင်ယင်ကျင်းပခြင်း၊ နှစ်ဆန်း ၁ ရက်တွင် ငါး၊ ငှက်စသည် သူ့အသက်လွှတ်ခြင်းစသည့် ဒါန၊ သီလ၊ ဘာဝနာတရားတို့နှင့် ကျင့်ကြံနေထိုင်သည့် ဓလေ့မှာ မြန်မာတို့၏ ကိုယ်ပိုင်ဓလေ့ဖြစ်သည်။ မြန်မာတိုင်း လေးစားလိုက်နာကျင့်သုံးသော ဓလေ့လည်း ဖြစ်သည်။

ဆရာစန်း(မန်းမြို့သစ်)

## မကွေးမြို့နယ်အတွင်း မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

မကွေး မတ် ၂၉

မကွေးမြို့နယ်အတွင်း မီးဘေးလုံခြုံရေးဆောင်ရွက်ခြင်း၊ မီးလန့်မှု၊ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် ယမန်နေ့က မကွေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း KTV လုပ်ငန်းများအား မီးဘေးလုံခြုံရေးအတွက် တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အဆင်သင့်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားခြင်း ရှိ၊ မရှိစစ်ဆေးခြင်း၊ Pump စနစ်များ ကောင်းမွန်မှု ရှိ၊ မရှိစစ်ဆေးခြင်း၊ ရေရရှိရေးဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ Fire Alarm System ကောင်းမွန်မှုရှိ၊ မရှိ စစ်ဆေးခြင်း၊ ဝန်ထမ်းများအား မီးငြိမ်းသတ်ရေးပစ္စည်းများ လက်တွေ့ကိုင်တွယ်အသုံးပြုတတ်စေရန် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်သွားကြရန်တို့အား စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုအချိန်အခါသည် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ပါသဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အဦများ၊ ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတိမူရေး နှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

အောင်ကို(ဖန်ခါးမြေ)



# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ




## Rurouni Kenshin: The Final အကောင်းဆုံးဆာမူရိုင်းဇာတ်ကားအဖြစ် သတ်မှတ်ခံရ

ထွက်ရှိထားသည့် ဆာမူရိုင်း ရုပ်ရှင်ဇာတ်ကားများအနက် အကောင်းဆုံး ငါးကားစာရင်းတွင် Rurouni Kenshin: The Final လည်း ပါဝင်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အောင်မြင်မှုများစွာ ရရှိထားသည့် ဆာမူရိုင်းအက်ရှင်ဇာတ်ကားများတွင် Rurouni Kenshin Manga Series မှ Live Action အဖြစ် ရိုက်ကူးထားသည့် ဇာတ်ကား ငါးကားထွက်ရှိထားသည့်အနက် အကောင်းဆုံး ဆာမူရိုင်းဇာတ်ကားအဖြစ် သတ်မှတ်ခံရသည့် Rurouni Kenshin: The Final မှာ ငါးကားမြောက် ဖြစ်သည်။

အဆိုပါဇာတ်ကားငါးကားကို အစဉ်လိုက်ကြည့်ရှုလျှင် The Beginning, Rurouni Kenshin, Kyoto Inderno, The Legend Ends နှင့် Rurouni Kenshin: The Final တို့ပါဝင်ပြီး အကောင်းဆုံး ဆာမူရိုင်းဇာတ်ကား ငါးကားစာရင်းတွင် ပါဝင်ခဲ့ကြသည်။

(SKY)

## မင်းသား Choo Young Woo ၏ Gyunwoo And Fairy ရိုက်ကူးရေးပြီးစီး

ပရိသတ်အသက်ကယ်သော ဆရာဝန်အဖြစ် အားပေးခံရသည့် မင်းသား ချူယောင်ဝူ၏ Gyunwoo And Fairy ဇာတ်ကား ရိုက်ကူးရေးပြီးစီး၍ ဇွန် ၂၃ ရက်တွင် ထုတ်လွှင့်မည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အပိုင်း(၁၂)ပိုင်းနှင့် အဆိုပါဇာတ်ကားတွင် မင်းသမီး ချိုရီဟွမ်၊ မင်းသားချူယောင်ဝူနှင့် ဇာတ်ပို့၊ ဇာတ်ရံများစွာ အားဖြည့်ထားကာ ရိုက်ကူးရေးပြီးစီးလုနီးပါးဖြစ်သည်။




လျှို့ဝှက်ချက်ရှိသော အထက်တန်းကျောင်းသူလေးမှာ နေ့ဘက်တွင် သာမန်ကျောင်းသူ၊ ညဘက်တွင် နတ်ကွန်းမှ နတ်သမလေးဖြစ်ကာ သရဲ၊ တစ္ဆေများကို မြင်တွေ့နိုင်စွမ်းရှိသည်မှာ ငါးနှစ်ခန့်ရှိခဲ့ပြီး ကျောင်းမှ မြင်မြင်ချင်း ချစ်မိသည့် ကောင်လေးအတွက် ကြိုးစားခဲ့ပုံများကို တင်ဆက်ပြသထားသည်။

နတ်သမလေးနှင့် ချစ်သူကောင်လေး၏ ဆိုးရွားသော ကံကြမ္မာကြား တွေ့ကြုံမှုများကို မြင်တွေ့ကြရမည်ဖြစ်သည်။

(SKY)



## နို့ဘူးဖြင့် နို့တိုက်ရင်း ကလေးငယ်များကို အိပ်ပျော်စေခြင်းမှ ရှောင်ကြဉ်သင့်

မိဘနှင့်ကလေးစောင့်ရှောက်သူများအနေဖြင့် နို့ဘူးဖြင့် နို့တိုက်ရင်း ကလေးငယ်များကို အိပ်ပျော်စေခြင်းမှ ရှောင်ကြဉ်ရန် သြစတြေးလျဆေးသိပ္ပံပညာရှင်များက အကြံပြုထားကြသည်။


လေ့လာမှုအသစ်တစ်ခုအရ ထိုအလေ့အထသည် ကလေးဘဝအစောပိုင်း သွားပိုးစားခြင်းနှင့် ကိုယ်အလေးချိန်များခြင်းတို့နှင့် ပိုမိုဆက်စပ်နေကြောင်း တွေ့ရှိရသည့်အတွက်ကြောင့် ဖြစ်သည်။

ဆစ်ဒနီတက္ကသိုလ်မှ ဦးဆောင်ပြုလုပ်ခဲ့သော ထိုလေ့လာမှု၏ရလဒ်ကို သြစတြေးလျနှင့် နယူးဇီလန်လူထုဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

ကလေးငယ် ၇၀၀ ကျော်တို့၏ အချက်အလက်များကို အခြေခံလေ့လာခဲ့ခြင်းဖြစ်ပြီး မွေးကင်းစကလေးများကို ရေရှည်စောင့်ကြည့်လေ့လာသည့် စီမံကိန်း၏ တစ်စိတ်တစ်ဒေသ ဖြစ်ကြောင်း သိရသည်။

SCI

## My Youth And I တွင် တရုတ်လူငယ်များ ခေတ်အဆက်ဆက် ဆင့်ကမ်းလာသည့် နွေးထွေးမှုနှင့် အင်အားကို ပြသထား




နာမည်ကြီး အနုပညာရှင် အိုင်ဒိုအဖွဲ့ဝင်ဟောင်း လေး(ခေါ်) ဝမ်ရိဘိုနှင့် ကျန်ယူတောင်တို့ အဓိက ပါဝင်ထားသည့် My Youth And I မှာ တရုတ်လူငယ်များ ခေတ်အဆက်ဆက် ဆင့်ကမ်းလာသည့် နွေးထွေးမှုနှင့် အင်အားကို ပြသထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို အပိုင်းသုံးပိုင်းခွဲ၍ တင်ဆက်ထားရာ ၁၉၃၈ တရုတ်ပြည် အင်္ဂတော်ဘေး ဒုက္ခဖြေရှင်းရန် ရာသီဥတု အလွန်အေးသည့် မြောက်ပိုင်း ခယောင်းမြေကို ထွန်ယက်ရန် ကြိုးစားသည့် လူငယ်များအကြောင်း၊ ၁၉၉၃ အခြေခံ၍ ဂီတဆရာက ရွာသူ၊ ရွာသားများကို သီချင်းဆို သင်ပေးရင်း ဂီတနှင့်အက ပေါင်းစပ်၍ ဝေးလံခေါင်သီသည့် နယ်မြေတွင် ယဉ်ကျေးမှုပြန့်ပွားရန် ကြိုးစားခဲ့ပုံဖြစ်သည်။

တတိယပိုင်း (၂၀၁၈)ခုနှစ်တွင် လူငယ်အဖွဲ့အစည်းမှ ဆင်းရဲနွမ်းပါးမိသားစုများကို ပညာရေးပံ့ပိုးမှုနှင့် အလုပ်အကိုင် ကူညီမှုပေး၍ ဆင်းရဲတွင်းမှ လွတ်မြောက်အောင် ကူညီပေးပုံများကို တင်ဆက်ပြသထားသဖြင့် ပရိသတ်ကြား အောင်မြင်မှုရရှိထားသည်။

(SKY)

## Mark Antony ဘတ်ဂျက် ရူပီ ၂၈ ကုဋေသုံးပြီး ကုဋေတစ်ရာကျော် ရရှိထား

အိန္ဒိယတောင်ပိုင်းမင်းသား ဗီရှယ်လ်၏ Mark Antony ရုပ်ရှင်မှာ ဘတ်ဂျက်ရူပီ၂၈ကုဋေ သုံးပြီး ရိုက်ကူးထားရာ ကုဋေတစ်ရာကျော်ရရှိထားပြီး IMDb 7.2 ထိ အားပေးမှု မြင့်မားခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ အချိန်ခရီးသွားဇာတ်လမ်းများစွာအနက် တစ်မူထူးခြားကာ အတိတ်ကာလကို ဖုန်းဆက်၍ရသည့် ဖုန်းတစ်လုံးနှင့်အစပြုခဲ့ရာမှ အတိတ်ကို ဖုန်းဆက်ပြီး ပစ္စုပ္ပန်ကို လိုသလို ပြုပြင်နိုင်သည့်ဖုန်းကို တီထွင်ခဲ့သည့် သိပ္ပံပညာရှင်ပင် သေခြင်းတရားကို မလွန်ဆန်နိုင်ဖြစ်ခဲ့သည်။




ထိုဖုန်းမှာ လူဆိုးဂိုဏ်းတစ်ခုသို့ ရောက်ရှိသွားရာမှ လူဆိုးဂိုဏ်းခေါင်းဆောင်နှစ်ဦး၏ သူငယ်ချင်း သံယောဇဉ်ကြား အတိတ်ကို ဖုန်းခေါ်ဆို၍ရသော ဖုန်းရောက်လာရာမှ သူတို့နှစ်ဦး အနာဂတ် ပြောင်းလဲသွားပုံကို ရိုက်ကူးတင်ဆက်ထားသည်။

(SKY)

## G Dragon ၏ အယ်လ်ဘမ် မြေနှစ်တွင် ထွက်ရှိမည်

ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန် (ခေါ်)ကွမ်ဂျီယောင်းသည် အနုပညာလောကသို့ ပြန်ရောက်လာပြီး သုံးလအကြာမှ အယ်လ်ဘမ်သစ်ကို မြေနှစ်တွင် ထွက်ချင်သည့်နေ့တွင် ထွက်ချင်သလို ထွက်မည်ဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်သည် You Quiz အင်တာဗျူးတွင် ဒရမ်မာခင်းရသည့်အကြောင်းအရာများကို ဟာသနှော၍ ပြောသွားပြီး အဖွဲ့ဝင်များအကြောင်း၊ မိခင်အကြောင်းနှင့် သူ့ကြောင်လေးများအကြောင်း တစ်နာရီကျော် ပြောသွားပြီးနောက် ဂီတ Power အယ်လ်ဘမ်ထွက်ရှိလာကာ ၈ လကြာမှ ပြန်လာခဲ့သည်။

အဆိုပါ ဂီတမှာ သီချင်းမထွက်မီပင် ထိပ်ဆုံးနေရာရခဲ့ပြီး နံပါတ်တစ်နေရာသိမ်းပိုက်ခဲ့ကာ MAMA ဆုပေးပွဲတွင် ဂီတကို ကျော်လွန်၍ လုပ်ဆောင်နိုင်သူဆုရခဲ့သည့်အပြင် Home Sweet Home နှင့် ထပ်မံ၍ အဖွဲ့ဝင် တေယောင်း၊ ဒယ်ဆောင်းတို့နှင့်အတူ စံချိန်သစ်တင်ခဲ့ပြန်သည်။

ဂျီဒရယ်ဂွန်၏ ဂီတသစ်တွင် မိုးဆက်တစ်ခုအကြောင်း ပါဝင်ကာ မြေနှစ်တွင် ထွက်ရှိလာမည်ဖြစ်ပြီး ထွက်ချင်သည့်နေ့ထွက်ချင်သည့် အချိန်တွင် ထွက်မည်။

(SKY)



## Anderson Paak က Ubermensch အယ်လ်ဘမ်မှ Too Bad တွင် နောက်ခံသီဆိုထား

ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန်၏ ဂီတအယ်လ်ဘမ်သစ် Ubermensch ထဲမှ Too Bad သီချင်းတွင် အန်ဒါဆန်ပိခ်က နောက်ခံပါဝင်သီဆိုထား၍ ပရိသတ် စိတ်ဝင်စားခဲ့ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂျီဒရယ်ဂွန်၏ ဂီတသစ်ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ထုတ်လုပ်ခဲ့ပြီဖြစ်ပြီး နာမည်ကြီး ရက်ပ်အဆိုတော် အန်ဒါဆန်ပိခ် ပါဝင်မည်ဟု အတည်ပြုထား၍ ရက်ပ်ပါနှစ်ဦးနှင့် ဂီတသစ်ကို ခံစားရမည်ဖြစ်သည်။

ဂီတအယ်လ်ဘမ်သစ် ထွက်ရှိမည့်အကြောင်း ဂျီဒရယ်ဂွန်က နှစ်ရက်အလိုမှ ကြေညာခဲ့ကာ ထိုင်းနိုင်ငံ ဂီတဖျော်ဖြေပွဲတွင် သီချင်းခြောက်ပုဒ်နှင့် ပရိသတ်ကို ဆွဲဆောင်ခဲ့ပြီး ကြော်ငြာနှင့်အတူ ပရိသတ်ကို အခမ်းနားဆုံး ချပြထားသည်။

ဂျီဒရယ်ဂွန်၏ အယ်လ်ဘမ် ထွက်မည့်ရက် ၂၅-၂-၂၀၂၅=၁၈ အယ်လ်ဘမ်တွင် သီချင်းရှစ်ပုဒ်၊ အယ်လ်ဘမ်ကြော်ငြာ ၁၈ စက္ကန့်နှင့် Good Day က အပိုင်းရှစ်ပိုင်း လွှင့်မည့်ရက် ၁၆-၂-၂၀၂၅=၁၈နှင့် ၈လကြာမှ ၈ ဂဏန်းများကို ထူးခြားစွာ သုံးထားသည်။

(SKY)

# နှစ် ၆၆၀ ပြည့် အင်းဝ (၃)

သတိုးမင်းဖျားတည်ထောင်ပြီး စတင်စိုးစံခဲ့တဲ့ အင်းဝမြို့မှာ ဘုရင်ပေါင်း ၁၇ ပါးနဲ့ ဘုရင်ခံ သုံးပါး အုပ်ချုပ်နန်းစိုက်ခဲ့ကြပါတယ်။ မြို့သက်တမ်းအားဖြင့် သတိုးမင်းဖျား စတင်တည်ထောင်တဲ့ မြန်မာသက္ကရာဇ် ၇၂၆ ခုကနေ နောက်ဆုံးဘုရင်ခံမင်းရဲကျော်စွာစုန် စွန့်ပစ်ခဲ့တဲ့ ၉၅၅ ခုအထိ နှစ်ပေါင်း ၂၂၉ နှစ် ကြာမြင့်ခဲ့ပါတယ်။ အဲ့ဒီကာလကို မြန်မာ့သမိုင်းမှာ ပထမအင်းဝခေတ်ရယ်လို့ မှတ်တမ်းတင်ထားပါတယ်။ ပထမအင်းဝခေတ် စိုးစံခဲ့ကြတဲ့ ဘုရင်များအနက် သတိုးမင်းဖျား၊ မိုးညှင်းမင်းနဲ့ ရွှေနန်းကြော့ရှင် နရပတိမင်းတို့ မင်းသုံးပါးလက်ထက်မှာ နန်းတော်သစ် တည်ဆောက်ပြီး စိုးစံခဲ့ကြပေမယ့် မြို့ချဲ့ထွင်ခြင်းတော့ မှတ်တမ်းမတွေ့ရပါဘူး။ ထူးခြားတာက သတိုးမင်းဖျားဟာ ခုနစ်လနဲ့ အမြန်တည်ဆောက်ရတဲ့အတွက် နန်းတော်ပြီးလို့ နန်းသိမ်းပွဲခံတော့ ကြမ်းပြင်တွေက လမ်းလျှောက်တိုင်း အသံမြည်နေပါသတဲ့။ ဒါကို သတိုးမင်းဖျားက သူ့ခေတ် အသုံးအနှုန်းအတိုင်း "တရိမ်းမစပ်"လို့ မှတ်ချက်ပြုတော့ ပညာရှိအမတ်တွေက ဒီဘုရင် သုံးနှစ်ပဲ နန်းစံလိမ့်မယ်လို့ နိမိတ်ကောက်ကြပါသတဲ့။ ကောက်တဲ့အတိုင်းလည်း နန်းသက်တိုခဲ့ပါတယ်။ မိုးညှင်းမင်းရဲ့ နန်းတော်အကြောင်း ရာဇဝင်မှာ ဖော်ပြထားတာ သိပ်မတွေ့ရပါ။ နရပတိမင်းရဲ့ နန်းတော်အသစ်ကတော့ လက်ရာကောင်းလွန်းလို့ ရွှေဘုံရွှေနန်းသဖွယ် တင်စားကြတဲ့အတွက် ရွှေနန်းကြော့ရှင်ရယ်လို့ သမိုင်းတွင်ခဲ့ပါတယ်။ ငတပါးမင်း သိုဟ်ဘွားကတောင် မနာလိုဖြစ်လို့ နန်းတော်အကြောင်း မှတ်တမ်းတင်ထားတဲ့ ကျောက်စာကို မူလနေရာက နုတ်ပစ်ပြီး ထီးလှိုင်ရှင် ဘုရားဝင်းထဲ ပစ်ထားပါသတဲ့။ အခုတော့ မယ်နုအုတ်ကျောင်းမဝင်ခင် ညာချိုးချိုးချင်း ထီးလှိုင်ရှင်ဘုရားတံတိုင်းဘေး ကပ်လျက်တွေ့ရတဲ့ ကျောက်စာရုံထဲမှာ စိုက်ထားတာကို လေ့လာနိုင်ပါတယ်။ ဒါ့ကြောင့် ပထမအင်းဝခေတ် ဘုရင်များအားလုံးဟာ သတိုးမင်းဖျားတည်ခဲ့တဲ့ မြို့အကျယ်အဝန်းအတိုင်းပဲ နေထိုင်အုပ်စိုးခဲ့ကြတဲ့ သဘောပါပဲ။ မြို့အကျယ်အဝန်းကတော့ အထက်မှာ ပြောခဲ့တဲ့အတိုင်း လက်ရှိ စည်တိုပုံမြို့ရိုးထက် ကျဉ်းတဲ့သဘောရှိပါတယ်။ သေချာအောင် မြို့ရိုးအတွင်း ရှေ့၊ နောက်မြို့ရိုးနဲ့အပြိုင် နေရာလွတ်မှာ တူးဖော်သုတေသနပြုနိုင်ခဲ့ရင် တိကျတဲ့အဖြေတစ်ခု ရနိုင်ပါတယ်။ အပေါ်ယံလွှာ အုတ်ရိုးတွေမရှိရင်တောင် မြေဝင်အုတ်မြစ်ကိုတော့ တွေ့ရနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ်လေ မင်းနေပြည်တော်ဖြစ်တဲ့ ပထမအင်းဝခေတ်ဟာ မင်းရဲကျော်စွာစုန်လက်ထက် ရှိရှိသမျှ မူးမတ်၊ သူဋ္ဌေးသူကြွယ်ပါမကျန် အားလုံးခေါ်ပြီး ဧရာဝတီမြစ် ကြောင်းကနေ ပဲခူးဟံသာဝတီကို စုန်ဆင်းသွားတဲ့အတွက် ပထမအင်းဝခေတ် တစ်ခန်းရပ်ပြီး ချုံနွယ်များပိတ်ဖုံးနေတဲ့ မြို့ကောကြီးသဖွယ် လေးနှစ်လောက်ဖြစ်ကျန်ခဲ့ပါတယ်။

မြန်မာသက္ကရာဇ် ၉၅၉ ခုနှစ်မှာ ဘုရင့်နောင်မင်းကြီးရဲ့ သားတော် ညောင်ရမ်းမြို့စား ရှင်သစ္စာ(ခေါ်)မင်းရဲနန္ဒမိတ်ဟာ သူ့အစ်ကို နန္ဒဘုရင်လက်ထက် ပျက်သွားရတဲ့ ဒုတိယမြန်မာနိုင်ငံတော်ရဲ့ နီးစပ်ရာ မြို့ရွာနယ်ပယ်အချို့မှ လူသူတွေကို စည်းရုံးသိမ်းသွင်းပြီး ထီးနန်းအသစ်တည်ထောင်ဖို့ အင်းဝမြို့ဟောင်းကို ချီတက်လာခဲ့ပါတယ်။ ပြီးတော့မှ သက္ကရာဇ် ၉၆၀၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့မှာ ရွှေနန်းတော်၊ နန်းမြို့၊ ရွှေစည်းခုံ၊ ဂူတော်သစ်နဲ့ တံခါး စတဲ့ ငါးရပ်ကို စတင်တည်ဆောက်ခြင်းအားဖြင့် အင်းဝမြို့တော်ဟာ မြန်မာ့သမိုင်းမှာ ဒုတိယအကြိမ် ပေါ်ပေါက်လာခဲ့ပါတယ်။ ညောင်ရမ်းမင်း ဒုတိယအကြိမ် အင်းဝကို ပြုပြင်ပြီး စိုးစံတော့ မြို့တော်အမည်ကို မူလ "ရတနာပူရ"အစား "ရွှေဝမြို့ကြီး"လို့ ပြောင်းလဲရုံသာမက မြို့ကိုအရှေ့၊ အနောက်နဲ့ တောင်ဘက်တွေကို ချဲ့ထွင်ခဲ့တယ်လို့ အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း သတိုးမင်းဖျားရဲ့ မူလမြို့ပုံသဏ္ဌာန်ဟာ စည်တိုပုံနီးပါး ပြောင်းသွားတယ်လို့ ပြောနိုင်ပါပြီ။ အထောက်အထားများအရ ညောင်ရမ်းမင်း မြို့ကိုပြန်ပြင်တော့ သတိုးမင်းဖျားရဲ့ မူလမြို့ထက် အနောက်ဘက်မှာ သိသိသာသာ တိုးချဲ့ခဲ့သော်လည်း ထီးလှိုင်ရှင်ကုန်းရဲ့ အရှေ့ပိုင်းကတော့ မြို့ပြင်မှာပဲ ကျန်နေပါသေးတယ်။ ဒုတိယ အင်းဝညောင်ရမ်းခေတ်ဟာ စတင်တည်ထောင်သူမင်းရဲနန္ဒမိတ်မှ နောက်ဆုံး မဟာဓမ္မရာဇာဓိပတိအထိ မင်း ၁၀ ဆက်၊ မြို့သက် ၁၅၃ နှစ် ကြာမြင့်ခဲ့ပါတယ်။ အဲ့ဒီကာလအတွင်းမှာ နန်းတော်သစ် သုံးကြိမ်၊ ယာယီနန်းတော် ငါးကြိမ် တည်ဆောက်စိုးစံခဲ့သလို သူတို့တည်တဲ့ ဘုရားစေတီတော်တွေဟာ အခြားခေတ်များနဲ့မတူဘဲ မော်လိုင်ချိုးဆိုတဲ့ ဖရုံမြှောင့်ကို ခိုနန်းချိုးနဲ့တွဲဆက်ပြီး အဆန်းတကြယ် တည်ဆောက်ခဲ့တာသမိုင်းမှာ ထူးခြားချက်တစ်ခုပါပဲ။ အဲ့ဒါအပြင် သာလွန်မင်းလက်ထက်ကစလို့ စကျင်တောင်ကကျောက်ဖြူကို ဘာသာရေးဘက်သီးသန့် အသုံးပြုခဲ့သလို တနင်္ဂနွေမင်းလက်ထက်မှာ ကြီးမားတဲ့စကျင်ကျောက်ဆင်းတုတော်ကြီးတွေ ထုလုပ်ကိုးကွယ်ကြတာ ယနေ့ထက်တိုင် ဖူးတွေ့နေဆဲပါပဲ။ ဥပမာ အင်းဝဆင်ကျုံးရွာအနီးမှာ မဟာဓမ္မရာဇာဓိပတိဘုရင် တည်ထားခဲ့တဲ့ လောကသရဖူဆင်းတုတော်ကြီးပေါ့။ အဲ့ဒီအထဲက စစ်ကိုင်းသောတာပန်ရပ်မှာ တည်ထားကိုးကွယ်ခဲ့တဲ့ လေးကျွန်းမာရ်အောင်ဘုရားဟာ မော်လိုင်ချိုးနဲ့ တည်ထားပြီး အစောဆုံးကျောက်တော်ကြီး ကိန်းဝပ်စံပယ်ရာ ရှစ်မြှောင့်လိုဏ်ခံစေတီဖြစ်လို့ ညောင်ရမ်းခေတ်လက်ရာ ဘုရားစေတီတော်များအနက် လက်ရာအထူးခြားဆုံးလို့ ဆိုနိုင်ပါတယ်။ (အဲ့ဒီဘုရားအကြောင်း သီးခြားရေးပါဦးမယ်။) ညောင်ရမ်းမင်းဆက် နောက်ဆုံးဘုရင်များဟာ ဘုရားစေတီများတည်ဆောက်ရာမှာ တစ်မူထူးခြားကြပေမယ့် အုပ်ချုပ်ရေးဘက်မှာတော့ အရည်အချင်းအားနည်းခဲ့ကြတော့ တဖြည်းဖြည်း အင်အားကြီးမားလာတဲ့ အောက်ပြည်က မွန်တွေ လာတိုက်လို့ အင်းဝပျက်တဲ့အပြင် ဘုရင်ပါ ဟံသာဝတီကို ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရပါတယ်။ ရတနာပူရအဝမြို့တော် သွင်းရင်း



ပုံကို အခြေခံ၍ လက်ဝဲအနော်ရထာအမတ်ကြီး၏ ရာဇဝံသကအရေးတော်ပုံရာဇဝင်၌ပါရှိသော စာသားများဖြင့် ညှိနှိုင်းရေးဆွဲထားတဲ့ ရှေးဟောင်းသုတေသနဦးစီးဌာနရဲ့ ဆွဲပုံအထောက်အထားအရ မှတ်တမ်းတင်စရာတစ်ခုရှိပါတယ်။ အဲ့ဒါကတော့ မြန်မာသက္ကရာဇ် ၁၁၁၀ ပြည့်နှစ်မှာ ညောင်ရမ်းမင်းဆက် နောက်ဆုံးဘုရင် မဟာဓမ္မရာဇာဓိပတိဟာ စည်တိုပုံမြို့ရိုးရဲ့ အရှေ့တောင်ထောင့်ကနေ တောင်ဘက်ကို လက်ရှိအပြင်မြို့ရိုးတောင်ဘက် မျက်နှာကိုင်းမားတံခါးရဲ့အပြင်ဘက် မိုးထိကျောင်းကို အတွင်းသွင်းပြီး အနောက်ကို ခိုနန်းချိုး၊ မော်ယွန်းချိုးတွေနဲ့ဆင်းကာ မျဉ်းတဲတံခါးလွန်တော့ အနောက်တည့်တည့်ဆင်းပါတယ်။ ပြီးတော့မှ စန္ဒာပူရီတံခါးနဲ့ တည့်တည့် မြို့ရိုးအတိုင်း အဖြောင့်သွားပြီး ဝက်ပါမြင်းမိုရ်တောင်တို့ကိုသွင်း၊ ဆင်ကျုံးကိုကွင်းကာ စည်တိုပုံမြို့ရိုးရဲ့ အနောက်မြောက်ထောင့်နဲ့ တည့်တည့်သွားပြီး ဆက်စပ်စေတဲ့ မြေမြို့ရိုးကြီးကို တည်ဆောက်ခဲ့တာပါပဲ။ မြေမြို့ရိုးဆိုပေမယ့် မည်ကာမတ္တတော့ မဟုတ်ဘူးနော်။ အမည်အသီးသီးပေးထားတဲ့ တံခါး ၃၃ ပေါက်ပါဝင်ပါတယ်။ မင်းတုန်းမင်းရဲ့ မန္တလေးရတနာပုံ မြေမြို့ရိုးကြီးလိုမျိုးပေါ့။ ဒါ့ကြောင့်မို့လို့လည်း အဲ့ဒီမြေမြို့ရိုးဟာ မန္တလေးဧရာဝတီမြစ်ဘေးက တာရိုးကြီးကဲ့သို့ မြေသားတမံလို မြင့်နေတဲ့အတွက် ရာဇဝင်အဆက်ဆက် ရေမဝင်ခဲ့တာပေါ့။ ဆင်ဖြူရှင်လက်ထက် အမာခံဖြစ်ပြီးသား အဲ့ဒီမြေမြို့ရိုးအပေါ်မှာ အုတ်စီပြီး မြို့ရိုး၊ မြို့တံခါးတွေကို လျင်လျင်မြန်မြန်ပဲ တည်ဆောက်နိုင်ခဲ့တာပေါ့။ မဟာဓမ္မရာဇာဓိပတိဘုရင်ဟာ ဘာကြောင့် အဲ့ဒီမြေမြို့ရိုးကြီးကို တည်ဆောက်သလဲလို့ သုံးသပ်ရရင် သူ့လက်ထက်မှာ ရေကြီးတဲ့ဒဏ်ကို ကြုံရတာရယ်၊ ကျွေး၊ မွန်နဲ့ ကသည်းတွေရဲ့ အန္တရာယ်ကနေ အကာအကွယ်ရအောင်လို့ပါပဲ။ သို့သော်လည်း အုပ်ချုပ်ရေးအရည်အချင်း ညံ့ဖျင်းလို့ အန္တရာယ်တွေကို မကာကွယ်နိုင်တဲ့အပြင် သူကိုယ်တိုင် အောက်ပြည်က မွန်တွေရဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်း၊



သတ် ဖြတ်ခြင်းတောင် ခံလိုက်ရပါတယ်။ ဘာပဲပြောပြော ဆင်ဖြူရှင် မြေဒူးမင်းအတွက်တော့ အပြင်မြို့ကြီးချဲ့ဖို့ အခြေခံအုတ်မြစ်ရသွားစေတာတော့ ငြင်းလို့မရနိုင်ပါ။ အဲ့ဒီမှာ ဒုတိယအင်းဝညောင်ရမ်းခေတ် နိဋ္ဌိတံပါတော့တယ်။

မွန်တွေဖျက်ဆီးလို့ ပျက်သွားတဲ့အင်းဝကို ကုန်းဘောင်ခေတ်ဦးအလောင်းမင်းတရားရဲ့ ဒုတိယသားတော် မြေဒူးမင်းက စစ်ရေးအရ အရေးပါတဲ့ နေရာဖြစ်တာသိလို့ မြန်မာသက္ကရာဇ် ၁၁၂၅ ခုနှစ်မှာ မြို့တော်အဖြစ် တတိယအကြိမ် ပြုပြင်တည်ထောင်စိုးစံခဲ့ပါတယ်။ မှတ်တမ်းအထောက်အထားများအရ ဆင်ဖြူရှင်မြေဒူးမင်းဟာ သူ့ရဲ့ဝန်ကြီးနဲ့ ဝန်ထောက်တွေကို တာဝန်ပေးပြီး စည်တိုပုံမြို့ကိုပဲ ဦးစွာ စနစ်တကျ ပြုပြင်စေပါတယ်။ ပြီးမှ ၄၄ ဆောင်ပါတဲ့ နန်းတော်ကို ခမ်းနားစွာ တည်ဆောက်စိုးစံခဲ့ပါတယ်။ ဆင်ဖြူရှင်ဟာ ကုန်းဘောင်ခေတ်မှာ လက်ရုံးရည်နဲ့ အုပ်ချုပ်မှုအရည်အချင်း အပြည့်စုံဆုံး မင်းတစ်ပါးဖြစ်ပါတယ်။ သူ့လက်ထက်မှာ မြန်မာနိုင်ငံထဲ မြို့တွေ၊ နယ်တွေသာမက ကျိုင်းရုံး၊ ကျိုင်းရဲ၊ ဇင်းမယ်၊ အယုဒ္ဓယ၊ အာသံ၊ မဏိပူရ စတဲ့ အိမ်နီးချင်းဒေသတွေကို သိမ်းပိုက်နိုင်ခဲ့တဲ့အပြင် လေးကြိမ်တိုင်ရောက်လာတဲ့ တရုတ်စစ်ကိုလည်း အောင်မြင်ခဲ့တဲ့ မင်းတစ်ပါးဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း အင်းဝကို ပြုပြင်စိုးစံတဲ့အခါ ကျယ်ဝန်းလာတဲ့ အင်ပါယာအတွင်းက လက်အောက်ခံနယ်ပယ်များက သံ့လူတို့နေရာချထားဖို့ ရှိရင်းစွဲ မြို့အကျယ်အဝန်းနဲ့ မလုံလောက်တော့လို့ မြန်မာသက္ကရာဇ် ၁၁၂၉ ခု၊ ဝါခေါင်လဆန်းမှာ စည်တိုပုံမြို့ရိုးရဲ့ တောင်မျက်နှာ ကျော်ဘုံတံခါး အနီးကစပြီး တောင်ဘက်၊ အနောက်ဘက်တွေကို မြို့ရိုးအသစ် ကာရံပြီး တိုးချဲ့တည်ဆောက်စေခဲ့ပါတယ်။ အဲ့ဒီလို ချဲ့တဲ့အခါမှာ အစဉ်အဆက်သုံးနေကျ ခိုနန်းချိုးလည်းမဟုတ်။ညောင်ရမ်းခေတ်မှာ ထင်ရှားခဲ့သော မော်လိုင်ချိုးလည်းမဟုတ်တဲ့ မော်ယွန်းချိုးများနဲ့ ကွေ့ဝိုက်ချိုးကွေ့ပြီး တည်ဆောက်ခဲ့ကြပါတယ်။ ဒါ့ကြောင့် အပြင်မြို့ကြီးရဲ့ အရှေ့ဘက်မျက်နှာမှာ မော်ယွန်း ငါးချက်၊ မြို့တံခါး ငါးပေါက်၊ တောင်မျက်နှာမှာ မော်ယွန်း ကိုးချက်၊ မြို့တံခါး လေးပေါက်၊ အနောက်မျက်နှာမှာ မော်ယွန်း ၁၁ ချက် မြို့တံခါး လေးပေါက်၊ မြောက်ဘက်မျက်နှာမှာ မော်ယွန်း ငါးချက်၊ မြို့တံခါး နှစ်ပေါက်တို့ပါရှိပါတယ်။ မြို့တံခါးတွေ အမည်သမိုက်ရာမှာလည်း သိမ်းပိုက်အောင်မြင်ခဲ့တဲ့ လက်အောက်ခံ မြို့အမည်များကို ကမ္ပည်းမော်ကွန်းရေးထိုးခဲ့ပါတယ်။ ဆင်ဖြူရှင်ဟာ အပြင်မြို့ကြီးရဲ့ ကျုံးကိုလည်း အနက် ၁၂ တောင်၊ အကျယ် ၁၅ တာ တူးဖော်စေပြီး အုတ်နံရံဖြင့် အုတ်စီတည်ဆောက်ကာ ဒုဋ္ဌဝတီမြစ်ကနေ ကိုင်းမားချောင်းကတစ်ဆင့် ကျုံးရေကို သွင်းယူခဲ့ပါတယ်။ ယနေ့အင်းဝကနေ အပြင်မြို့ရိုး တောင်ဘက်မျက်နှာ ဟံသာဝတီတံခါးကိုဖြတ်ပြီး တံတားဦးကိုသွားမယ်ဆိုရင် ဦးအို အုတ်လမ်းမရောက်ခင် ကျုံးကူးတံတားကို အရင်ဖြတ်သွားရပါတယ်။ ဟိုတုန်းက အမှိုက်တွေနဲ့ အပြည့်ဆိုတော့ ကျုံးမှန်း၊ ကျုံးကူးတံတားမှန်းတောင် မသိပေမယ့် အခုတော့ ရှင်းလင်းနေပြီး ကုန်းဘောင်ခေတ် မြန်မာ့ဗိသုကာလက်ရာအဖြစ် ကျုံးနံရံနဲ့ ကျုံးကူးတံတားကို ဂုဏ်ယူစွာ လေ့လာလို့ရနေပါပြီ။

(ဆက်လက်ဖော်ပြပါမည်)

ရက္ခိတ(ရှေး/သု)



## အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် စာပေရေးသားနည်းသင်တန်းများ ဖွင့်လှစ်

**မန္တလေး မတ် ၂၉**

နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်၊ စာဖတ်ရှုနှိုင်မြင့်မားလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် စာပေရေးသားနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ(Book Club ဥက္ကဋ္ဌ) စာရေးဆရာ မင်းဏီလူက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီးနောက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ဦးဌေးအောင်က မှာတာစကား ပြောကြားခဲ့သည်။ ဖွင့်ပွဲအခမ်းအနားပြီးနောက် ပန်းချီသင်တန်းနည်းပြအဖြစ် ကာတွန်း၊ ပန်းချီဆရာ စိန်မိုးယံက အခြေခံပန်းချီရေးဆွဲနည်းပညာရပ်များကိုလည်းကောင်း၊ စာရေးဆရာ ဆရာမင်းဏီလူက စာပေရေးသားနည်းများနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များ၊ စာစီစာကုံးရေးသားနည်းများ အစရှိသည်တို့ကို သင်ကြား ပို့ချပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် စာရေးဆရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ ၃၅ဦးနှင့် မိဘများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၂၄ ရက်မှ ၂၈ရက်အထိ ၅ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ချမ်းမြေ့

## စနစ်တကျ ကော်ဖီစိုက်ပျိုးစီမံထိန်းသိမ်းမှုစာတွေ့ လက်တွေ့သင်တန်းဖွင့်လှစ်ပို့ချ

**ပင်းတယ မတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ရပ်ကွက်၊ ကျေးရွာများရှိ ကော်ဖီစိုက်ပျိုးရေး စိတ်ပါဝင်စားသူများက ကော်ဖီခင်းများ လက်တွေ့စိုက်ပျိုးနေသူ တောင်သူများအတွက် မြန်မာနိုင်ငံကော်ဖီအသင်းအစီအစဉ်ဖြင့် ပင်းတယမြို့နယ်ထွေအုပ်ရုံးတွင် စနစ်တကျ ကော်ဖီစိုက်ပျိုးစီမံထိန်းသိမ်းမှု စာတွေ့၊ လက်တွေ့ သင်တန်းကို မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ရက်တိုသင်တန်းဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါ ကော်ဖီသီးနှံ စိုက်ပျိုးရေးသင်တန်းတွင် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မီမီမြင့်က ကော်ဖီသီးနှံ စိုက်ပျိုးရေးနှင့် စီမံထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများအကြောင်းကို သင်တန်းသို့ တက်ရောက်လာသည့် ပင်းတယမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများက ကော်ဖီစိုက်တောင်သူများ၊ မြို့နယ်စိုက်ပျိုးရေးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၂၅ ဦးအတွက် စာတွေ့၊ လက်တွေ့ သင်ကြား ပို့ချပေးလျက်ရှိပါကြောင်းနှင့် ကော်ဖီသီးနှံဖြစ်ပေါ်လာပုံ ကမ္ဘာ့နိုင်ငံများရှိ လူနေမှုမြင့်မားရေးအတွက် အထောက်အကူပြုဓာတ်စာဖြစ်ပေါ်လာပုံ အစရှိသည့် ရှေးဟောင်းသမိုင်းဝင်အကြောင်းအရာများကိုလည်း ပိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ဒေသနေ မိဘပြည်သူများကိုယ်စားပြု ကော်ဖီသီးနှံစိုက်ပျိုးရေးလုပ်ငန်း စိတ်ဝင်စားသည့် မည်သူမဆို အခမဲ့တက်ရောက်သင်ယူနိုင်၍ ပထမနေ့ရက် စာတွေ့မှာမြန်မာ့ကော်ဖီသမိုင်းကြောင်း ကော်ဖီမျိုးများ၊ ပျိုးပင်ပျိုးထောင်ခြင်း၊ ကော်ဖီပင် အာဟာရစီမံခန့်ခွဲမှု၊ ကော်ဖီပင်ကျတတ်သော ပိုးမွှားစီမံခန့်ခွဲမှု၊ သက်တမ်းအလိုက် ကော်ဖီပင် ထိန်းသိမ်းစောင့်ရှောက်ခြင်း အကြောင်းအရာများ ပို့ချပေးလျက်ရှိပါကြောင်းနှင့် သင်တန်းတတိယနေ့ကို လက်တွေ့ကွင်းဆင်းသင်ကြားခြင်း စီစဉ်ထား၍ သင်တန်းတက်ရောက်သူများအား နိုင်ငံတကာအသိအမှတ်ပြု သင်တန်းဆင်းလက်မှတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၃၃၈)



## ဆောင်းရာသီက စိုက်ပျိုးသည့် မြေပဲစိုက်ခင်းများ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး မြေပဲတောင့် ၅၄ ဒသမ ၅၃ တင်းခန့် ထွက်ရှိ

**ပွင့်ဖြူ မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံရာသီက စိုက်ပျိုးသည့် မြေပဲ ၃၀၈၆ ဧက ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် မြေပဲတောင့်တင်းရေ ၅၄ ဒသမ ၅၃ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၀၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါ မြေပဲစိုက်ခင်းများကို ဒေသခံတောင်သူများက ဇန်နဝါရီလမှ စတင်နုတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းခြွေလှေ့ပြီးစီးပြီ ဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံမြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မြေပဲစိုက်ခင်းတွေ ဖြစ်ထွန်းအောင်မြင်မှု ရှိပါတယ်။ နောက်ပြီး မြေပဲခင်းတွေက ပိုးမွှားကျရောက်မှု မရှိလို့ အထွက်နှုန်းလည်းကောင်းတယ်။ တစ်ဧကကို မြေပဲတောင့်တင်းရေ ၅၄ ဒသမ ၅၃ တင်း ထွက်ရှိပါတယ်။ တောင်သူတွေကို မြေပဲ နုတ်သိမ်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှု မဖြစ်စေဖို့ အချိန်မီ နုတ်သိမ်းနိုင်အောင် ကြီးကြပ်ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံရာသီ၌ ဆီစားသုံးမှု ဖူလုံ ပိုလျှံစေရေးအတွက် မြေပဲ ၂၉၃၀ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၀၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြေပဲစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ (GAP) စနစ်နှင့်အညီ စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်းများ ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်း စားသုံးဆီ ဖူလုံအောင် ဖြည့်ဆည်းပေးနိုင်ရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်သောကြောင့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မြေပဲမျိုးများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

(ဝဲပုံ)

(၄၄၅)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

## မြန်မာ့ကြယ်လိပ်များအား လာရောက်ကြည့်ရှုလေ့လာနိုင်

**မင်းဘူး မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ် ရွှေစက်တော်ဘုရားပွဲတော်ရာသီတွင် ရှားပါးမျိုးစိတ် စာရင်းဝင် မြန်မာ့ကြယ်လိပ်များအား လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ရွှေစက်တော် ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ သိရသည်။

ရွှေစက်တော် ဘေးမဲ့တောရှိ ကြယ်လိပ်များသည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသတွင်သာ တွေ့ရသော ဒေသရင်းဖွား မျိုးစိတ်များဖြစ်သည်။ မြန်မာ့ကြယ်လိပ်(ခ)ပင့်ကူလိပ် Burmese Star Tortoise များ ဖြစ်ကြပြီး မန္တလေးရတနာပုံ ဥယျာဉ်၊ လောကနန္ဒာဘေးမဲ့တော၊ မင်းစုံတောင်ဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တောတို့တွင် သစ်တောဦးစီးဌာန၊ သားငှက်တိရစ္ဆာန်အဖွဲ့နှင့် လိပ်မျိုးရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်း၍ မွေးမြူကြပြီး ၂၀၁၄ ခုနှစ်တွင် ၂၉၇ ကောင်မှ ယခုအချိန်တွင် ၁၇၇၈ ကောင်အထိ မျိုးပွားကာ ပေါက်ဖွားလျက်ရှိသည်။ ရှားပါးမျိုးစိတ်စာရင်းဝင်ဖြစ်သောကြောင့် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် ခြံခတ်၍ မွေးမြူလာခဲ့ခြင်းဖြစ်သည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်၌ နို့တိုက်သတ္တဝါ၊ ကုန်းနေရေနေ သတ္တဝါ၊ လိပ်ပြာမျိုးစိတ်၊ ငါးမျိုးစိတ်၊ ငှက်မျိုးစိတ်များစွာ တွေ့ရှိနိုင်သည့်အပြင် ချွေ့ငှက်၊ နဖားကြိုးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသား၊ ဗိုက်ဖြူ၊ ရွှေသမင်နှင့် ကြယ်လိပ်တို့ ကြက်စားနေထိုင်ကြပြီး ယခုနှစ် မန်းရွှေစက်တော် ပွဲတော်ချိန်တွင် ဘုရားဖူးလာ ပြည်သူများ ကြယ်လိပ်များအား ကြည့်ရှုလေ့လာနိုင်စေရန် ခြံလှောင်အိမ်များ ပြုလုပ်ကာ ပြသထားကြောင်း ရွှေစက်တော် ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ သိရသည်။

(၅၀၄)

## မိုးကြိုဝါစိုက်ခင်းနှင့် နွေစပါးပျိုးခင်းများအောင်မြင်နေမှုအား ကွင်းဆင်းစစ်ဆေး



**မြစ်သား မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးကြိုဝါစိုက်ပျိုးခြင်းဖြင့် အသေးစား၊ အလတ်စားရက်ကန်းလုပ်ငန်းများတွင် ကုန်ကြမ်းရရှိစေရေးနှင့် အထွက်နှုန်းကောင်းမွန်ပြီး တစ်ဦးချင်းဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ တိုင်းဒေသကြီးအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းပိုင် ငွေဖြင့်မြိုင်ကုန်းကျေးရွာရှိ မြိုင်ကုန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း အသင်းသားတောင်သူ ဒေါ်ငွေရီလေး ကွင်းအမှတ်( ၅၃၄)၊ ဦးပိုင်အမှတ် (၇၂/၁)ရှိ စိုက်ဧက(၇ ဒသမ ၀၀)ဧကနှင့် ဦးဝင်းဘိုကွင်းအမှတ် (၅၃၄)/င၊ ဦးပိုင်အမှတ် (၂၅/၃)ရှိ စိုက်ဧက(၁ ဒသမ ၀၀)ဧကတို့တွင် Rakka-999 ခါးဇက်မျိုး မိုးကြိုဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက တောင်သူဦးကြီးများအား သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လေ့လာကျင့်သုံးစိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ကြောင်း၊ ပန်းတိုင်အထွက် နှုန်းရရှိစေရေးအတွက် စိုက်ပျိုးမြေများကို ပြုပြင်ပြီး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပေးရန်လိုအပ်ကြောင်း၊ ရေရရှိရေးနှင့် နည်းပညာရယူနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဝါစိုက်အသင်းသားတောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ရွှေကုန်းကျေးရွာရှိ ရွှေကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း အသင်းသားတောင်သူ ဦးသန်းမြင့်၏ ကွင်းအမှတ် (၄၉၇)၊ ဦးပိုင်အမှတ်(၁၂/၁၀)ရှိ နွေစပါးပျိုးခင်း(၀ ဒသမ ၂၅)ဧကတွင် ဆင်းသုခမျိုးပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါကြည့်ရှုစစ်ဆေးရာသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါ ယမအသင်းစုမှ တာဝန်ရှိသူများနှင့် ဒေသခံအသင်းသားတောင်သူများ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝါဝါမြင့်(မြစ်သား)**



## မိတ္ထီလာမြို့နယ်တွင် အခြေခံအင်္ဂလိပ်စာနှင့် ပန်းချီရေးဆွဲနည်း သင်တန်းများ ဖွင့်လှစ်သင်ကြား

**မိတ္ထီလာ မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် နွေရာသီအားလပ်ရက်များ၌ ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး အင်္ဂလိပ်စာနှင့် ပန်းချီရေးဆွဲနည်းသင်တန်းများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူများ နွေရာသီအားလပ်ရက်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အင်္ဂလိပ်စာနှင့်ပန်းချီရေးဆွဲနည်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်များမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းကို မတ် ၁၇ ရက်မှ ဧပြီ ၅ ရက် အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၎င်းအပြင် နွေရာသီကျောင်းပိတ်ချိန်အားလပ်ရက်များတွင် မိမိတို့ဝါသနာပါသည့် အားကစားနည်းတစ်ခုခုကို လေ့လာသင်ယူနိုင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ဖြစ်လာစေရန်အတွက် လူငယ်ဖွံ့ဖြိုးရေးသင်တန်းများဖြစ်သည့် မြန်မာ့ရိုးရာ သိုင်းသင်တန်း၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းသင်တန်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ မတ် ၁ ရက်နေ့မှ စတင်၍ အခမဲ့ ဖွင့် လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၆၉)**

## သင်္ကြန်အကြိုကာလ ပြည်တွင်းသုံး ကုလားပဲအုပ်စု ဈေးကောင်းရရှိနေ

**မန္တလေး မတ် ၂၉**

သင်္ကြန်အကြိုကာလ ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးကောင်းရရှိနေကြောင်း ပဲကုန်သည်များကပြောသည်။

မတ်လ လကုန်ပိုင်းတွင် မန္တလေးဈေးကွက်အတွင်းသို့ အသစ်ဝင်ရောက်နေသော ပြည်တွင်းသုံး ကုလားပဲအုပ်စုဖြစ်သည့် V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၂၀၀၀၊ V7 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၃၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀ အသီးသီးပေါက်ဈေးရှိနေပြီး နယ်စုံမှ ဝင်ရောက်လျက်ရှိကြောင်း ပဲကုန်သည်တစ်ဦးကပြောသည်။ **(ယာပုံ)**

"လက်ရှိမှာ အသစ်ဝင်ကုလားပဲတွေ စဝင်ခါစထက် တဖြည်းဖြည်း ဈေးကောင်းရရှိလာပါတယ်။ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၈၀၀၀ ကြား ဈေးပိုရရှိလာပါတယ်။ ဈေးကွက်အတွင်းကိုလည်း နယ်ပယ်စုံကနေ ဝင်ရောက်နေပါတယ်။ သင်္ကြန်အကြိုကာလဖြစ်လို့ အဝယ်ကောင်းနေပါတယ်"ဟု ၎င်းကပြောသည်။



မတ်လဆန်းပိုင်းက အသစ်ဝင် ကုလားပဲအုပ်စုမှာ ဈေးအနည်းငယ်ကျဆင်းကာ ဝယ်လိုအားနည်းနေသော်လည်း မတ်လကုန်ပိုင်းရက်များတွင် ဝယ်လိုအားကောင်းကာ ဈေးအနည်းငယ်မြင့်တက်လာခြင်းဖြစ်သည်။

ပြည်တွင်းသုံးကုလားပဲများကို ဆောင်းစိုက်သီးနှံအဖြစ် နိုဝင်ဘာလနောက်ပိုင်း စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လအတွင်း ရိတ်သိမ်းကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်း



**မြစ်သား မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စီမံအုပ်ချုပ်ရေးရုံးခန်းမတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်များက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပေါင်းစပ်ညှိနှိုင်း၊ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့ပြီး ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ၎င်းတို့သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၉၀ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝါဝါမြင့် (မြစ်သား)**

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မန္တလေး မတ် ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး Talk Show ကို Community Centre ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ပြောကြားရာတွင် ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ စားသုံးမှုနှင့် ထုတ်လုပ်မှုအတွက် ကုန်ကြမ်းများပေးခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာတွင် အရေးပါသောကဏ္ဍမှပါဝင်ခြင်း၊ ဆေးဝါးများအတွက် အထောက်အပံ့ပေးနိုင်ခြင်း၊ စိုက်ပျိုးရေးတိုးတက်မှုနှင့် စက်မှုလုပ်ငန်းတိုးတက်မှုများ ဖြစ်စေခြင်း၊ စခန်းချခရီးထွက်ခြင်းနှင့် ငါးမျှားခြင်းကဲ့သို့ အနားယူအပန်းဖြေခြင်းဆိုင်ရာ လုပ်ငန်းများသည်လည်း ဇီဝမျိုးစုံမျိုးကွဲများပေါ်တွင် မှီခိုနေထိုင်နေကြကြောင်း၊ လူဦးရေတိုးတက်လာသည်နှင့် အမျှသစ်တောမြေများကို မြို့ပြအဖြစ်လည်းကောင်း၊ စိုက်ပျိုးမြေအဖြစ်လည်းကောင်း ပြောင်းလဲ အသုံးပြုလာခြင်း၊ သစ်များအလွန်အကျွံထုတ်ယူခြင်း၊ ဆည်များ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်း၊ အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ခြင်းတို့ကြောင့် သစ်တောအတွင်းနေထိုင် ကျက်စားလျက်ရှိသော ဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်းလျော့နည်းလာကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရန်၊ မြို့ပြများချဲ့ထွင်ပါက ဒေသမျိုးရင်းသစ်တော သစ်ပင်များကို ခုတ်ထွင်ပြီးပါက အစားထိုးအပင်များပြန်လည် စိုက်ပျိုးရန်၊ တိရစ္ဆာန်များအား မဆင်မခြင် အမဲလိုက်မှုလျှော့ချရန်၊ မွေးမြူရေးလုပ်ငန်းများအား ဆောင်ရွက်သွားရန်၊ ငါးများအား လျှော့တိုက်ခြင်းအစား ငါးမွေးကန်များပြုလုပ်၍ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

**(၀၅၆)**

၀-၀-၀-၀-၀

## အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များကို Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေး

**ဟိုပုံး မတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များကို Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက



သက်ဆိုင်ရာဆေးထိုးနေရာများတွင် ဆောင်ရွက်ပေးသည်။

ထိုသို့ ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးရာတွင် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက တုံခမ်းဘုန်းတော်ကြီးကျောင်း၊ မြို့ဦးကွက်သစ်ဘက်စုံသုံးခန်းမ၊မြို့ဦးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် အတုလမာန်အောင်ဘုန်းတော်ကြီးကျောင်း စသည့် ကာကွယ်ဆေးထိုးနေရာ (၄)နေရာခွဲ၍ အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးများအနက် ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံရသေးသော ကလေးငယ်များနှင့် ကာကွယ်ဆေးတစ်ကြိမ်မျှ မရရှိသေးသော ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများကို တိုက်ကျွေးထိုးနှံပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သိရသည်။

(ဝဲပုံ)

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



## သဘာဝအလျောက်ပေါက်ရောက်သည့် ပေါက်ပန်းပွင့်များ ခူးယူရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**နတ်မောက် မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံများအနေဖြင့် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပြီး အလုပ်နားရက်များတွင် သဘာဝအလျောက် ပေါက်ရောက်သည့် ပေါက်ပန်းပွင့်များ ခူးယူရောင်းချခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိသည်။

ကျေးလက်ဒေသခံများအနေဖြင့် မိမိတို့၏စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ပြီးချိန်တွင် သဘာဝအလျောက် ပေါက်ရောက်သည့် သစ်ဥ၊ သစ်ဖု၊ အသီး၊ အရွက်များဖြစ်သည့် မန်ကျည်းရွက်၊ ကုက္ကိုရွက်၊ ကြောင်လျှာသီး၊ ဒန့်သလွန်သီး၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ပေါက်ပွင့် စသည့် ရာသီစာသီးနှံများ ခူးယူရောင်းချနေကြကြောင်း၊ သဘာဝသစ်သီးပင်များဖြစ်သည့်အတွက် ဓာတုပိုးသတ်ဆေးများ ပါဝင်မှုမရှိခြင်းကြောင့် ကျန်းမာရေးအတွက်လည်း အထူးကောင်းမွန်ကြောင်း၊ လက်ရှိရောင်းချနေတဲ့ ပေါက်ပန်းပွင့်သည် ဆီးနည်းသူများအတွက် ရေဖြင့် ကျိုချက်သောက်သုံးရန် အထူးကောင်းမွန်ကြောင်း၊ နေ့စဉ် မိမိတို့ သောက်သုံးနေသည့် ရေနွေးကြမ်းထဲသို့ လက်ဖက်ခြောက်နှင့်အတူ ပေါက်ပန်းပွင့် အနည်းငယ်ထည့်၍ သောက်သုံးလျှင် ကောင်းမွန်ကြောင်း၊ ပေါက်ပန်းပွင့်များ ဝယ်ယူအသုံးပြုခြင်းကြောင့် မိမိတို့အနေဖြင့် ခူးယူရောင်းချရာတွင် မိသားစုအပိုဝင်ငွေရရှိကြောင်း ပေါက်ပန်းပွင့်ရောင်းချသူ ဒေါ်စောခင်က ပြောသည်။

(အပေါ်ပုံ)


**မှူးမှူးစန်း**

## စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့ ။

## ညောင်ဦးမြို့နယ် စည်ပင်သာကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ညောင်ဦး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် တောင်ဘီလေးကျေးရွာအုပ်စု၊ စည်ပင်သာကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စည်ပင်သာကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါစည်ပင်သာကျေးရွာ၌ အရှည် ၈၉၀ ပေ ကျေးရွာတွင်း ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ ၊ စုစုပေါင်း ငွေကျပ် သိန်း ၁၇၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယဦးစီးမှူးထံက သိရသည်။

(အပေါ်ယာပုံ)

**ရဲဝင်းနိုင်**



## ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးများ စတင်စိုက်ပျိုး

**ပွင့်ဖြူ မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက ဆန်စပါး စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ယခုလဆန်းပိုင်းကစပြီး နွေစပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးသီးနှံ ၃၃၂၃၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကာ သတ်မှတ်လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစပြီး မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများကို နွေစပါးစိုက်ပျိုးမည့် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေပေးခဲ့သဖြင့် ဒေသခံတောင်သူများက ဆည်ရေရရှိသည့်အချိန်မှ စတင်၍ မိမိတို့၏ လယ်ယာမြေများကို ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်ခြင်းများ ဆောင်ရွက်ကာ ယခုလဆန်းပိုင်းမှစတင်၍ နွေစပါးသီးနှံများကို ကြိုးပမ်းစိုက်ပျိုးနေကြသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆန်စပါးစားနပ်ရိက္ခာ ဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး နွေစပါး ၃၃၂၃၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ဒေသတွင်းရှိ စပါးစိုက်ပျိုးတောင်သူများကို နွေစပါးသီးနှံလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ စနစ်တကျ ဖြန့်ဝေပေးခဲ့ပါတယ်။ ဒါ့အပြင် နွေစပါးသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ပန်းတိုင်အထွက်နှုန်းများ ရရှိဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်ပြီး စိုက်ပင်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးရေး၊ မြေဩဇာနဲ့ သွင်းအားစုတွေ စနစ်တကျ သုံးစွဲတတ်စေရေး၊ ပိုးမွှားရောဂါအန္တရာယ် ကြိုတင်ကာကွယ်ရေး စတဲ့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တွင် ဆည်ရေသောက်ဧရိယာ အများဆုံးဖြစ်၍ ဒေသခံတောင်သူများက ဆန်စပါးစားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးအတွက် နှစ်စဉ် မဲဇလီရေလွှဲဆည်ရေ၊ မြေအောက်ရေ၊ ဆိုလာလျှပ်စစ်ရေတင်စနစ်တို့ဖြင့် နွေစပါးသီးနှံကို လျာထားစိုက်ဧက ပြည့်မီကျော်လွန်အောင် ကြိုးပမ်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် နွေသီးနှံရာသီတွင် ဒေသခံတောင်သူများက ဈေးကွက်ရှိပြီး အထွက်နှုန်းကောင်းမွန်သော ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ချမ်းမြေ့မေ၊ ဆာဖိုးသာ၊ ပခန်းရွှေဝါ၊ ထိုင်းနံ့ကောက်၊ GW-11 စပါးမျိုးနှင့် ရက် ၁၀၀ စပါးမျိုးတို့ကို အားထားစိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍတွင် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

*-*-*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထိခိုက်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာပေါ်တွင် အခြေခံ...

❖ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏အနာဂတ်များဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၉

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အရေးပေါ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ထောက်ပံ့ရေးလုပ်ငန်းများအား အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

# တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း

နေပြည်တော် မတ် ၂၉

မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ဂ၂ စက္ကန့်အချိန်တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာ၌ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ အများအပြားဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ဖြစ်ပေါ်ခဲ့ရာတွင် မန္တလေးတက္ကသိုလ် ပင်မဆောင်သည်လည်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အပြင် နောက်ဆက်တွဲအဖြစ် မီးလောင်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ အဆိုပါ မီးလောင်မှုကြောင့် မန္တလေးတက္ကသိုလ် ပင်မဆောင်သို့ ရောက်ရှိလျက်ရှိသည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၄၆၉၄၄ ဦး၏ အဖြေလွှာအုပ်ရေ ၂၈၀၉၄၀ အုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၇၃၁၁ ဦး၏ အဖြေလွှာအုပ်ရေ ၄၃၈၂၇ အုပ်၊ ကချင်ပြည်နယ်မှ ဖြေဆိုသူဦးရေ ၈၆၉၉ ဦး၏ အဖြေလွှာအုပ်ရေ ၅၂၁၈၉ အုပ်တို့သည် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

အဆိုပါ ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့သည့်အချိန်သည် စာစစ်လုပ်ငန်းများ လုပ်ဆောင်နေသည့်အချိန်ဖြစ်ပြီး စာစစ်လုပ်ငန်းဆောင်ရွက်နေသူ ဆရာ၊ ဆရာမ ၂၆၇ ဦးခန့်သည် စာစစ်လုပ်ငန်းများ(Code လုပ်ငန်းဆောင်ရွက်နေချိန်)၌ ပြင်းထန်ငလျင် ဖြစ်ပေါ်ခဲ့သဖြင့် ပင်မဆောင်အောက်သို့ ပြေးထွက်တိမ်းရှောင်ခဲ့ကြရသည်။ ထို့နောက် ငလျင်လှုပ်ခတ်မှုမှ နောက်ဆက်တွဲမီးလောင်မှုများ ဖြစ်ပေါ်ခဲ့စဉ် မန္တလေးတက္ကသိုလ် ပင်မဆောင်ကြီးတစ်ခုလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများသည်လည်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း စိစစ်သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ပျက်စီးဆုံးရှုံးမှုများအား အလျင်အမြန် စုံစမ်းစစ်ဆေးခြင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ဆောလျင်စွာ ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိပြီး မန္တလေးတက္ကသိုလ် ပင်မဆောင်သို့ ရောက်ရှိလျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့် ပတ်သက်၍ အများပြည်သူများ သိရှိနိုင်ရေး ထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ